# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၄၈)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# ဧရာဝတီတိုင်း၏ ပေ ၁၈၀ အထက် ၄၃ စင်းမြောက် ဖျာပုံတံတားသစ်ကြီး တည်ဆောက်ရေးစီမံကိန်းကာလပြီးစီး၍ မကြာမီဖွင့်လှစ်နိုင်တော့မည် ကျန်လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အပြီးသတ်ဆောင်ရွက်လျက်ရှိ




နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း မအူပင်မြို့နယ် လေသာကျေးရွာအနီးရှိ ညောင်ပုစိုက်ပျိုးရေးပညာပေးစခန်းတွင် စပါးများ ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၁၆**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းနယ်နိမိတ်အစပ်သို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များအား ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တိုင်းအဆင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ ညောင်တုန်းမြို့နယ် ခတ္တိယကျေးရွာအနီးရှိ ဝါဝါဝင်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၏ ရေနက်ကွင်း လယ်ယာမြေဖော်ထုတ်စိုက်ပျိုးရေးနှင့် မွေးမြူရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ဝါဝါဝင်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးရွှေကြိုင်က ကုမ္ပဏီ၏လုပ်ပိုင်ခွင့်ရ မြေဧရိယာအတွင်း မိုးစပါးနှင့် နွေစပါး ၈၉၁ ဧက စိုက်ပျိုးနေမှုအခြေအနေ၊ ကျန်ရှိသော ဧက ၅၈၇၀ တွင် ငါးပုစွန်ကန်များ ဖော်ထုတ်မွေးမြူနေမှု အခြေအနေနှင့် စီမံကိန်းဧရိယာအတွင်း မိုးမချောင်းရေလျှံမှုနှင့် ပင်လယ်ဆားငန်ရေများ ဝင်ရောက်လာမှုမှ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✡

## မိုးလေဝသအခြေအနေ (၁၇–၁၁–၂၀၀၆)

**နေပြည်တော်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**ရန်ကုန်မြို့**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မန္တလေးမြို့**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၁၇ရက်)

# စက်မှုလယ်ယာစနစ် တိုးတက်အသုံးပြု သီးနှံဆတိုးထွက်ရှိနိုင်ရေးကြိုးပမ်းစွမ်းဆောင်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအဓိကနိုင်ငံဖြစ်ပြီး နိုင်ငံ၏ကုန်ထုတ်လုပ်မှု၌ စိုက်ပျိုးရေးကဏ္ဍသည် အခြေခံ ကျသည့် ကဏ္ဍကြီး ဖြစ်သည်။ စားနပ်ရိက္ခာဖူလုံရေးသည်လည်း ပြည်သူတို့၏ အဓိကအကျဆုံး လိုအပ်ချက် ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က ရှိပြီးစိုက်ပျိုးမြေများအတွက် စိုက်ပျိုးရေရရှိရေး စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။

ယခုအခါ ဆည်တမံ အသစ်၁၉၀ တည်ဆောက်ပြီး မြစ်ရေတင်စီမံကိန်း ၂၉၈ခု အကောင်အထည်ဖော်ပေးခဲ့ပြီးဖြစ်သည်။ ကျေးလက်ဆည်ပေါင်း ၉၉၉ ခုကိုလည်း ဖြည့်စွက်တည်ဆောက်ပေးခဲ့သည်။ မြေအောက်ရေလျှံတွင်းများနှင့် အငယ်စားချောင်းပိတ်မြောင်းပိတ်လုပ်ငန်းများပါမကျန် ကွက်ပြည့်ဆောင်ရွက်ပေးထားပြီးဖြစ်သည်။

ထို့ကြောင့် အသားတင်စိုက်ပျိုးမြေဧက ၁၉ သန်း၉ သိန်းမှ ၂၉ သန်း၃ သိန်းအထိ တိုးတက်လာခဲ့သကဲ့သို့ တစ်နှစ်ကာလအတွင်း စိုက်ပျိုးနိုင်မှုသည်လည်း ဧက ၂၃ သန်း ၈သိန်းမှ ၄၆ သန်း၉ သိန်းသို့ ပြောင်းလဲ တိုးတက်လာခဲ့သည်။ မိုးစပါးစိုက်ဧကသည် ဧက၁၁ သန်းမှ ၁၆ သန်း ၈သိန်းအထိ တိုးတက်လာခဲ့သည်။ ယခင်က နွေစပါးမစိုက်နိုင်ခဲ့သော်လည်း ယခုအခါ စိုက်ပျိုးရေရရှိရေး စီမံကိန်းများကြောင့် နွေစပါး ဧကသုံးသန်း လေးသိန်းနှင့် အခြားသီးထပ်သီးနှံများလည်း စိုက်ပျိုးလာနိုင်ခဲ့ပြီ ဖြစ်သည်။ သီးနှံစိုက်စွမ်းအား ၁၅၇ ရာခိုင်နှုန်းအထိ တိုးတက်လာသည်ကို တွေ့ရသည်။

မျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးနည်းပညာ ပံ့ပိုးပေးမှုအပြင် ဓာတ်မြေသြဇာစက်ရုံများ စက်စွမ်းအားပြည့် ထုတ်လုပ်ရေးနှင့် စက်ရုံအသစ်များ တည်ဆောက်ရေးကိုလည်း ဆက်လက် အကောင်အထည်ဖော်လျက်ရှိသည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ဧကထောင်သောင်းချီသော စိုက်ခင်းကျယ်ကြီးများတွင် စက်မှုလယ်ယာစနစ်ဖြင့် ဆောင်ရွက်နေကြသည်။ အလားတူ တောင်သူလယ်သမားအများစု၏ စိုက်ကွက်ငယ်များ၌ အသုံးပြုနေကြသည့် လက်တွန်းထွန်စက်၊ ရေတင်စက်၊ ကောက်ရိတ်စက် စသည်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုကာ စိုက်ပျိုးထုတ်လုပ်နေကြပြီဖြစ်သည်။

စက်မှုလယ်ယာစနစ်ကို တိုးတက်မြင့်တင် အသုံးပြုနိုင်သည်နှင့်အမျှ အကျိုးရလဒ်အနေဖြင့် သီးနှံထွက်ကုန်များလည်း အဆတိုးထွက်ရှိ ထုတ်လုပ်လာနိုင်ခဲ့ကြသည်။ စပါးသီးနှံသည် နှစ်ဆကျော်တိုးတက်ထွက်ရှိလာပြီး ပဲအမျိုးမျိုးက ၁၁ ဆ၊ ဆီထွက်သီးနှံက သုံးဆကျော်နှင့် စားဖိုဆောင်သီးနှံများမှာ လေးဆကျော် တိုးတက် ထွက်ရှိလာသည်။

ထို့ကြောင့် တောင်သူ လယ်သမားများအနေဖြင့် နိုင်ငံတော်က အားပေးမြှင့်တင်ပေးလျက်ရှိသည့် စက်မှုလယ်ယာစနစ်ကို တိုးတက်အသုံးပြုကာ သီးနှံများ ဆတိုးထွက်ရှိနိုင်ရေးဝိုင်းဝန်းကြိုးပမ်းစွမ်းဆောင် သွားကြရမည်ဖြစ်ပေသည်။ ။

## မြဝတီရုပ်မြင်သံကြား

၁၇–၁၁–၂၀၀၆

(သောကြာနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ မိုးလေဝသသတင်း
- ၆း၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆း၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လှို့ဝှက်ချက်"** (အပိုင်း–၃၄)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"**(အပိုင်း–၂၄) (ဇာတ်သိမ်းပိုင်း)

## MRTV-4
## ရုပ်မြင်သံကြားအစီအစဉ်

**၁၇–၁၁–၂၀၀၆ (သောကြာနေ့)**

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ Myanmar Video Rhythum
- ၇း၅၅ တေးဂီတအစီအစဉ်
- ၈း၀၀ အရုဏ်ဦး၏အလှများ
- ၈း၂၀ တေးဂီတအစီအစဉ်
- ၈း၂၅ Yangon Panorama (Good Health ဂျာနယ်)
- ၈း၄၅ တေးဂီတအစီအစဉ်
- ၈း၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၉း၀၀ သွန်းလောင်းသံနည်းပညာ
- ၉း၁၅ တေးဂီတအစီအစဉ်
- ၉း၂၀ ရွှေလီတံတား
- ၉း၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉း၃၅ သင်ယူစရာ ပန်းချီပညာ (အခြေခံပို့ချချက်)
- ၉း၅၀ တေးဂီတအစီအစဉ်
- ၉း၅၅ အသုံးပြုစရာ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့
- ၁၀း၂၀ တေးဂီတအစီအစဉ်
- ၁၀း၂၅ ခဲမဟုတ်တဲ့ ခဲတံ
- ၁၀း၄၀ တေးဂီတအစီအစဉ်
- ၁၀း၄၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၀း၅၅ ငွေကြယ်ပွင့်တို့ဖြစ်တည်မှု (Rဓာနည်နှင့် သူ၏အနုပညာခရီးလမ်း)
- ၁၁း၂၅ မိုးလေဝသခန့်မှန်းချက်
- ၁၁း၃၀ စိုက်ပျိုးဖို့လွယ်ကူစေမှာ ကောက်ရိုးမှိုပါ
- ၁၁း၄၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁း၄၅ တေးဂီတအစီအစဉ်
- ၁၁း၅၀ မြန်မာ့တိုင်းရင်းဆေးအတွက် ခေတ်မီစေမည့်နည်းကောင်း တစ်လက်
- ၁၂း၀၀ MRTV-4 အပိတ် Logo

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



## စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ စက်ရုံနှင့် ရေနံမြေရှိ ဝန်ထမ်းများ အထူးကုဆရာဝန်ကြီးများ ကျန်းမာရေးစစ်ဆေးကုသပေး

ရန်ကုန် နိုဝင်ဘာ ၁၆

**စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် နိုဝင်ဘာ၁၃ရက်က မကွေးတိုင်း ချောက်မြို့ရှိ အမှတ်(၂) ရေနံချက်စက်ရုံ(ချောက်)သို့ သွားရောက်၍ စက်ရုံနှင့်ရေနံမြေတို့ရှိ ဝန်ထမ်းများအား ကျန်းမာရေး လာရောက်စစ်ဆေး ကုသပေးလျက်ရှိသည့် ကျန်းမာရေးဦးစီးဌာနမှ လုပ်ငန်းခွင်ကျန်းမာရေးညွှန်ကြားရေးမှူး ဒေါက်တာစိုးတင့်ခေါင်းဆောင်သော အဖွဲ့အား သွားရောက်တွေ့ဆုံနှုတ်ဆက်ရာ** (အပေါ်ပုံ) **ရှေးဦးစွာ ဝန်ကြီးက စက်ရုံရှင်းလင်းဆောင်၌ ယခုကဲ့သို့ စွမ်းအင်ဝန်ကြီးဌာန အောက်ရှိ စက်ရုံနှင့် ရေနံမြေတို့ရှိ ဝန်ထမ်းများအား သမားတော်ကြီးများနှင့် အထူးကု ဆရာဝန်ကြီးများက ကျန်းမာရေး လာရောက်စစ်ဆေးကုသပေးသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ မိမိဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ၏ ကျန်းမာရေးကိုရှေးရှုသောအားဖြင့် ယခုကဲ့သို့ ဝန်ကြီးဌာနချင်း ညှိနှိုင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။**

ယင်းနောက် ဝန်ကြီးက အဖွဲ့ခေါင်းဆောင် ဒေါက်တာစိုးတင့်အား ဂုဏ်ပြုပစ္စည်းများကို လည်းကောင်း၊ အမှတ်(၂)ရေနံချက်စက်ရုံ (ချောက်)နှင့် ဖယောင်း ကုန်ကြမ်းပေး ကုန်ချောယူ အကျိုးတူ ဆောင်ရွက်နေသော ရွှေနဂါးကုမ္ပဏီလီမိတက်မှ ဒေါ်ဝင်းမော်ထွန်းက ဝန်ထမ်းများဆေးကုသမှု ထောက်ပံ့ငွေကျပ်၁၀သိန်းကို စက်ရုံမှူးထံ လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

**အထူးဂရုပြုဆောင်ရွက်**

ဆက်လက်၍ဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါလျက် အမှတ်(၂) ရေနံချက်(ချောက်)စက်ရုံဝင်းအတွင်းလိုက်လံကြည့်ရှုစစ်ဆေးပြီး စက်ရုံအလိုက် လျာထားချက်များ အတိုင်း ပြည့်မီစွာ ထုတ်လုပ်နိုင်ရေးနှင့် မီးဘေး အန္တရာယ်ကင်းရှင်းရေးကို အထူးဂရုပြု ဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့်ဝန်ကြီးသည် အမှတ်(၁) ဓာတ်မြေသြဇာစက်ရုံ(စလေ)သို့ ရောက်ရှိရာ စုဝေးခန်းမ၌ စက်ရုံမှူး ဦးတင်မောင်ဆွေက စက်ရုံ၏ လက်ရှိ ဓာတ်မြေသြဇာ ထုတ်လုပ်နေမှု အခြေအနေကိုတင်ပြ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က ဓာတ်မြေ သြဇာစက်ရုံသုံးရုံ၏ လျာထားချက် ပြည့်မီအောင် ထုတ်လုပ်နိုင်ရေး အတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ဖြည့်စွက်တင်ပြပြီးဝန်ကြီးက လျာထားချက် ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးအတွက် ဝန်ထမ်းများအားလုံးက အထူးကြိုးစား ဆောင်ရွက်သွားရေး မှာကြားကာဓာတ်မြေသြဇာအထွက်တိုးရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ချမှတ်ပေးသည်။

**ပေါင်းစပ်**

ယင်းနောက် ဝန်ကြီးသည် စက်ရုံအတွင်းရှိ အမိုးနီးယားစက်ရုံ၊ ယူရီးယားစက်ရုံ၊ဓာတ်မြေသြဇာထည့်အိတ်စက်ရုံနှင့် စက်ရုံထိန်းချုပ်မှုအခန်းတို့ကို သွားရောက်၍ စက်ရုံလည်ပတ် ထုတ်လုပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သဘာဝဓာတ်ငွေ့နှင့်လျှပ်စစ်ဓာတ်အား ပြည့်မီစွာရရှိရေးတို့ကို ပေါင်းစပ် ညှိနှိုင်းဖြည့်ဆည်းပေးသည်။ **(သတင်းစဉ်)**



**၁၉၇၄–၇၅ပညာသင်နှစ် ဥပဒေကျောင်းသား၊ကျောင်းသူများ၏ ဒုတိယ အကြိမ်အာစရိယပူဇော်ပွဲ အထိမ်းအမှတ်အဖြစ် ကွယ်လွန်သွားပြီးဖြစ်ကြသော ဆရာကြီးများ၊ ကျောင်းသား၊ ကျောင်းသူများအားရည်စူး၍ ငွေပဒေသာပင် ကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

*** ကျောဖုံးမှ**

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၂ဦး ရှိသည့်အနက် ရာနှုန်းပြည့်တက်ရောက်ကြသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

**အမှာစကား**

ထို့နောက် အလုပ်သမားကိုယ်စားလှယ် ... 

ထို့နောက် အလှည့်ကျသဘာပတိ မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင်က အဖွင့် အမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်း အခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများချမှတ်ရေးနှင့် စပ်လျဉ်း၍ အကြံပြုချက်စာတမ်းများကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဝါးခယ်မမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရွေးချယ်ခံ ကိုယ်စားလှယ် ဦးသက်ဝေက လည်းကောင်း၊ အင်္ဂပူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသိန်းထွန်းက လည်းကောင်း၊ တစ်သီးပုဂ္ဂလ ရွေးချယ်ခံ ကိုယ်စားလှယ်များဖြစ်ကြသည့် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်ကလည်းကောင်း၊ ရွာငံမြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းက လည်းကောင်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ ဦးထွန်းကျော်က လည်းကောင်း အသီးသီး ဖတ်ကြားတင်ပြကြသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

**တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့**

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉ နာရီတွင် ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ဒူးဝါးဇုတ်ဒေါင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကယားပြည်နယ်မှ ဦးကျော်ဒင်(ခေါ်) ဦးထေးရယ်၊ ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်၊ တနင်္သာရီတိုင်းမှ ဦးမောင်လှ (ခေါ်) ဦးလှမြင့်နှင့် ရခိုင်ပြည်နယ်မှ ဦးအောင်ဖံဝေတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ဦးက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလွင်ကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၆၄၅ဦး ရှိသည့်အနက် ၅၁၅ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၇၉ ဒသမ ၈၄ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒူးဝါးဇုတ်ဒေါင်က အဖွင့်အမှာစကား ပြောကြားသည်။

**ဖတ်ကြားတင်ပြ**

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက် တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများချမှတ်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်သွင်းမည့် အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ရှမ်းပြည်နယ်မှ ဦးစိုင်းဆမ်တစ်က လည်းကောင်း၊ မွန်ပြည်နယ်မှ ဒေါ်ရီရီမြင့်က လည်းကောင်း၊ ကရင်ပြည်နယ်မှ ဦးစောဝင်းထိန်က လည်းကောင်း၊ တနင်္သာရီတိုင်းမှ ဒေါက်တာအောင်သာကလည်းကောင်း အသီးသီး ဖတ်ကြားတင်ပြကြသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

**အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့**

အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲ ခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဦးဘိုသိန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ဝင်းကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၄၇ဦး ရှိသည့်အနက် ၄၄ဦးတို့ တက်ရောက်ကြပြီး ရာခိုင်နှုန်းအားဖြင့် ၉၃ ဒသမ ၆၂ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

**အမှာစကားပြောကြား**

ထို့နောက် အလှည့်ကျသဘာပတိ မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ် တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်မှ ကောက်နုတ်ချက်များကို အလှည့်ကျ သဘာပတိ မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်းက ဖတ်ကြားတင်ပြသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၉ နာရီ ၂၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**









**တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ပြည်ထောင်စုခန်းမ၌ကျင်းပရာ အလှည့်ကျသဘာပတိ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒူးဝါးဇုတ်ဒေါင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

**အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျသဘာပတိ မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်း အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

## ရထားစီးခရီးသည်များသွားလာမှုအဆင်ပြေစေရေး ရန်ကုန်-မော်လမြိုင် အထူးအမြန်ရထားပြေးဆွဲမည်

ရန်ကုန် နိုဝင်ဘာ ၁၆

**ရန်ကုန်နှင့် မော်လမြိုင် ကူးသန်းသွားလာကြသည့် ရထားစီးခရီးသည် တိုးတက်များပြားလာသည့်အလျောက် ခရီးသွားလာမှု ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ရန်ကုန်-မော်လမြိုင် လမ်းပိုင်းတွင် အထူးအမြန်ရထားများကို နိုဝင်ဘာ ၁၉ ရက်မှ စတင်ပြေးဆွဲမည်ဖြစ်ရာ အမှတ်(၃၅)အဆန် ရန်ကုန်-မော်လမြိုင် အထူးအမြန်ရထားသည် ရန်ကုန်ဘူတာမှ နံနက် ၇ နာရီ ၁၅ မိနစ်တွင် ထွက်ခွာ၍ မော်လမြိုင်ဘူတာသို့ ညနေ ၅ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။**

**အမှတ်(၃၆)အစုန် မော်လမြိုင်-ရန်ကုန် အထူးအမြန် အစုန်ရထားသည် မော်လမြိုင်ဘူတာမှ နံနက် ၆ နာရီတွင် ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ ညနေ ၄ နာရီ ၃၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ ထိုရထားခရီးစဉ်များတွင် ကျိုက်ထိုဘူတာ၌သာ ရပ်တန့်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ ကြေညာထားသည်။** (သတင်းစဉ်)

## ပြည်ထောင်စုမော်ကွန်း

* ဒို့ပြည်ထောင်
ညီနောင်အားနဲ့
ကောင်းကျိုးများဝန်းရံ၊
စိတ်ကိုယ်တူဆွေးနွေး
ညီညွတ်ရေးအားမာန်။

* တိုင်းပြည်နဲ့လူမျိုး
အကျိုးပြုမယ့် မူအခြေခံ
ပြဋ္ဌာန်းရန် သစ္စာတရား၊
စည်းကမ်း ပြည့်ဝ
နည်းလမ်း တိကျ
မျှတလွတ်လပ်စွာနဲ့
အနာဂတ်ခရီးတာအတွက်
ပေါင်းစည်းကာ အတည်ပြု
ပြည်သူ့ကိုယ်စား။

* ပြည်ထောင်စု နှလုံးသား
အမျိုးသား ညီလာခံ၊
ပြည်ထောင်စုမပြိုကွဲရေး
လေးနက် ဓိဋ္ဌာန်။
ရှေ့ခရီးလမ်း
လှမ်းကြဖို့ စည်းကမ်းအခြေခံ
ဥပဒေအမှန် ဖော်ညွှန်း။
တစ်စိတ်ဝမ်း တစ်သွေးညီ
ပြည်ရေးကို ပြိုင်တူချီစို့ရဲ့
မျိုးဂုဏ်ရည် ဘယ်မညှိုးရအောင်
ရေးထိုး မော်ကွန်း။ ။

**(အမျိုးသားညီလာခံကို ဂုဏ်ပြုလျက်-)**

ခြိမ့်နိုင်

# ဗင်နီဇွဲလား၌အရန်ရေနံစည်ပေါင်း ဧဂုဘီလီယံကျော်ရှိ

ကရာကတ် နိုဝင်ဘာ ၁၆

**ဗင်နီဇွဲလားနိုင်ငံတွင် အရန်ရေနံစည်ပေါင်း ၈၇ ဒသမ ၆ ဘီလီယံရှိကြောင်း ဗင်နီဇွဲလား စွမ်းအင်နှင့်ရေနံဝန်ကြီး ရာဖေးလ်ရွမ်မီရက်ဇ်က နိုဝင်ဘာ၁၃ရက်၌ ကြေညာလိုက်သည်။**

ဘရာဇီးနိုင်ငံပိုင် ရေနံကုမ္ပဏီ ပီထရိုဘရက်စ်သည် အရန်ရေနံစည်ပေါင်း၇ ဒသမ၆ဘီလီယံသာရှိခဲ့သည်။

### ပူးပေါင်းတည်ဆောက်

ဗင်နီဇွဲလားနိုင်ငံ၏ ပက်ထရိုဒီဗင်နီဇွဲလား ရေနံကုမ္ပဏီနှင့် ဘရာဇီး ရေနံ ကုမ္ပဏီတို့သည် ဘရာဇီး နိုင်ငံအရှေ့မြောက်ပိုင်း၌ ရေနံသန့်စင်စက်ရုံကြီးတစ်ရုံ ပူးပေါင်းတည်ဆောက်လျက်ရှိသည်။

### မျှော်လင့်

ဗင်နီဇွဲလားအစိုးရသည် အိုရီနိုကိုကုမ္ပဏီမှ အပိုရေနံစိမ်း ထုတ်လုပ်မှုအဖြစ် စည်ပေါင်း တစ်ထရီလီယံအထိ ထွက်ရှိရန် မျှော်လင့်ထားသည်။

### ထုတ်လုပ်

ယင်းကုမ္ပဏီမှ စည်ပေါင်းတစ်ထရီလီယံအထိထွက်ရှိခဲ့လျှင်စည်ပေါင်း ၂၃၀ ဘီလီယံခန့် သန့်စင်ထုတ်လုပ်နိုင်လိမ့်မည်ဖြစ်ကြောင်း ရွမ်မီရက်ဇ်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ဖိလစ်ပိုင်တွင် ချီဘီမုန်တိုင်းတိုက်ခတ် ဒေသခံများကို ရွှေ့ပြောင်းပေးခဲ့ရ

ဟန္နိုင်း နိုဝင်ဘာ ၁၆

**ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့သော ချီဘီမုန်တိုင်းသည် တစ်နာရီလျှင် ၇၅ မိုင်နှုန်းဖြင့် တိုက်ခတ်ခဲ့ပြီး မိုးသက်မုန်တိုင်းများလည်း ဖြစ်ပေါ်ခဲ့ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံတွင် လူနှစ်ဦးဒဏ်ရာရရှိခဲ့ပြီး ဒေသခံ ၈၀၀ခန့် ၎င်းတို့၏ နေအိမ်များမှ ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။**

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းဒေသများသို့ဝင်ရောက်တိုက်ခတ်ခဲ့သော ချီဘီမုန်တိုင်းသည် ဗီယက်နမ်နိုင်ငံအလယ်ပိုင်းသို့ဦးတည်ကာ တိုက်ခတ်သွားခဲ့ကြောင်း၊ အဆိုပါမုန်တိုင်းမှာ နိုဝင်ဘာ ၁၂ ရက်ကစတင်၍ ဗီယက်နမ် အလယ်ပိုင်းကို တိုက်ခတ်ခြင်းဖြစ်ကြောင်း ဗီယက်နမ်မီဒီယာများက ဖော်ပြသည်။

### သေဆုံး

ဖိလစ်ပိုင်နိုင်ငံတွင် ပြီးခဲ့သည့် စက်တင်ဘာလက တိုက်ခတ်ခဲ့သော မုန်တိုင်းများကြောင့် လူပေါင်း ၂၀၀ ကျော် သေဆုံးခဲ့ရသည်။ ယခု တိုက်ခတ်သော ချီဘီမုန်တိုင်းမှာ ဗီယက်နမ်မှတစ်ဆင့် တောင်တရုတ် ပင်လယ်အတွင်း ဝင်ရောက်ဖွယ်ရှိကြောင်း ဖိလစ်ပိုင် အရာရှိများကပြောကြားသည်။

### တိုက်ခတ်

ဖိလစ်ပိုင်နိုင်ငံတွင် ပြီးခဲ့သည့်လကလည်း စီမာရွန်အမည်ရှိ မုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် လူ ၁၉ဦးသေဆုံးခဲ့ရသည်။

### ဝင်ရောက်

ဖိလစ်ပိုင်နိုင်ငံသည် နှစ်စဉ် တိုင်ဖွန်း မုန်တိုင်း ၂၀ခန့် ဝင်ရောက်တိုက်ခတ်ခြင်း ခံရလေ့ရှိသော နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ **(အင်တာနက်)**



**တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဆောက်လုပ်ဆဲ အမျိုးသားအားကစားရုံကို နိုဝင်ဘာ၁၄ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# ရာသီဥတုပြောင်းလဲမှုဒဏ်ခံရသူများအတွက် ထောက်ပံ့ရန်လိုအပ်

နိုင်ရိုဘီ နိုဝင်ဘာ ၁၆

**ရာသီဥတုပြောင်းလဲမှုဒဏ်ခံစားကြရသည့် ကမ္ဘာ့ဆင်းရဲသားများအား အကာအကွယ်ပေးရာတွင် အာမခံကုမ္ပဏီများက ပါဝင်ကူညီထောက်ပံ့ရန် ကုလသမဂ္ဂအဖွဲ့ကြီးက လိုလားလျက်ရှိသည်။**

ရာသီဥတုပြောင်းလဲမှုဒဏ်ခံစားကြရသူများအား ငွေကြေးထောက်ပံ့ကူညီရာတွင် အာမခံကုမ္ပဏီများ အခြေခံသည့် ထောက်ပံ့နည်းက သမားရိုးကျနည်းလမ်းများထက် များစွာ ပိုမိုမြန်ဆန်နိုင်ကြောင်း ကင်ညာနိုင်ငံ နိုင်ရိုဘီ၌ ကျင်းပသည့် ကမ္ဘာ့ရာသီဥတုဆိုင်ရာ ညီလာခံတွင် ဆွေးနွေးကြသည်။

အီသီယိုးပီးယားနိုင်ငံမှ မိုးခေါင်ရေရှားမှုဒဏ် ခံကြရသည့် လယ်သမား ၁၇သန်းတို့အား ယခု နှစ်ဆန်းပိုင်းက ကူညီခဲ့သည့် ရှေ့ပြေးစီမံကိန်းသစ် အောင်မြင်ကြောင်း ပြောကြားခဲ့သည်။

### ကြုံတွေ့လာနိုင်

အာဖရိကတိုက် တစ်နံတစ်လျားတွင် မိုးခေါင်မှုများနှင့် ရေလွှမ်းမှုများ ပိုမိုကြုံတွေ့လာနိုင်ကြောင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ပျူတာဒီဇိုင်းများက ညွှန်ပြနေသည်။

အီသီယိုးပီးယားမှ ရှေ့ပြေးစီမံကိန်းက ထိုသို့သောစီမံကိန်းများမှာလက်တွေ့တွင် ပိုမိုအလုပ်ဖြစ်သည်ကို ပြသနေသည်။

### ဘဝပျက်ခဲ့

အခြားစီမံကိန်းများမှာ ခုတ်ရာတခြား ရှရာတလွဲ ဖြစ်သည့်အတွက် ဒုက္ခသည်များမှာအကျိုးမခံစားရဘဲ ဘဝပျက်ခဲ့ရသည်ဆို၏။ **(အင်တာနက်)**

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# နိုင်ငံတကာ ခရီးသွားအလှမယ်ဆု ရိုမေးနီးယားမယ် ဆွတ်ခူး

**ဟီယွမ် နိုဝင်ဘာ ၁၆**

တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ် ဟီယွမ်မြို့တွင် နိုင်ငံတကာခရီးသွား အလှမယ်ရွေးချယ်ပွဲကို နိုဝင်ဘာ၁၁ရက်က ကျင်းပခဲ့ရာ ရိုမေးနီးယား နိုင်ငံ အလှမယ် မာနီရာဖလိုရီယာက နိုင်ငံတကာခရီးသွား အလှမယ်ဆုကို ဆွတ်ခူးရရှိခဲ့သည်။ **(အောက်ပုံ)**

### ဖော်ပြ

ပြိုင်ပွဲဝင်အလှမယ်များအနက် အိန္ဒိယမှ အလှမယ် တန်ယာဗက်လ်က ဒုတိယရရှိပြီး ကွန်ဂိုနိုင်ငံမှ အလှမယ် မို့တောဂျာမင်းက တတိယဆုရရှိခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။ **(အင်တာနက်)**





# ကမ္ဘာ့ အကြီးဆုံး ခရီးသည်တင်လေယာဉ်ကြီး စမ်းသပ်ပျံသန်း

စင်ကာပူ နိုဝင်ဘာ ၁၆

**အဲဘတ်စ်အေ၃၈၀ဟုအမည်ပေးထားသော ကမ္ဘာ့အကြီးဆုံးခရီးသည်တင် လေယာဉ်ကြီးသည် ကမ္ဘာပတ် စမ်းသပ်ပျံသန်းမှုကိုပြုလုပ်လျက်ရှိရာ နိုဝင်ဘာ၁၄ရက်က စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်သို့ ဆင်းသက်ခဲ့သည်။**(အပေါ်ပုံ)

### စတင်ထွက်ခွာ

ယင်းလေယာဉ်ကြီးသည် ပြင်သစ်နိုင်ငံ တူးလောက်မြို့မှ စတင်ထွက်ခွာခဲ့ရာ လေဆိပ်ကြီး ၁၀ ခုသို့ ဆင်းသက်ပျံသန်းခဲ့ကြောင်း သိရသည်။

ထိုလေယာဉ်ကြီးမှာ စင်ကာပူနိုင်ငံသို့ တတိယအကြိမ်ရောက်ရှိမှုလည်း ဖြစ်သည်။ ယင်းလေယာဉ်ကြီးသည် ပြီးခဲ့သည့်နိုဝင်ဘာလက တစ်ကြိမ်၊ ဖေဖော်ဝါရီလက တစ်ကြိမ် စမ်းသပ်ပျံသန်းခဲ့ပြီးဖြစ်သည်။

### ပျံသန်း

၎င်းလေယာဉ်ကြီးသည် ကမ္ဘာပတ်ခရီးစဉ်အတွက် နာရီပေါင်း ၁၅၀ကြာ ပျံသန်းမည်ဖြစ်ကြောင်းသိရသည်။

ဥရောပ၏အကြီးဆုံးလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ အဲဘတ်စ်သည် ထိုကဲ့သို့လေယာဉ်ကြီးများကို ကမ္ဘာတစ်ဝန်းရှိ လေကြောင်း၁၅လိုင်းမှ အစင်းပေါင်း၁၆၀ မှာယူထားမှုကို လက်ခံထားပြီးဖြစ်သည်။

စူပါဂျမ်ဘိုဟုခေါ်သည့် ထိုလေယာဉ်ကြီးသည် ခရီးသည် ၅၅၅ ဦးမှ ၈၄၀ အထိ လိုက်ပါနိုင်ပြီး ခရီး ကီလိုမီတာပေါင်း ၁၅၀၀၀ အကွာအဝေးကို ပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။

### ဆင်းသက်

ယခုစမ်းသပ်သည့် ယင်းလေယာဉ်ကြီးသည် စင်ကာပူမှ ဆိုးလ်၊ ဟောင်ကောင်၊ ကွမ်ကျို့၊ ပေကျင်း၊ ရှန်ဟိုင်း၊ နာရီတာ၊ ဂျိုဟန်နစ္စဘတ်၊ ဆစ်ဒနီနှင့် ဗန်ကော်ဗာလေဆိပ်များသို့လည်း ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

# ဂျကာတာ၌ ဗုံးပေါက်ကွဲ

**ဂျကာတာ နိုဝင်ဘာ ၁၆**

အင်ဒိုနီးရှားနိုင်ငံ မြို့တော် ဂျကာတာတွင် နိုဝင်ဘာ ၁၁ ရက်က စားသောက်ဆိုင်တစ်ခု၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လူတစ်ဦးဒဏ်ရာရရှိသွားကြောင်း အင်ဒိုနီးရှား မီဒီယာများက ဖော်ပြသည်။

### ဆက်စပ်လျက်ရှိ

အင်ဒိုနီးရှားရဲတပ်ဖွဲ့အနေဖြင့် ယခုကဲ့သို ဗုံးပေါက်ကွဲမှုတွင် အဆိုပါဒဏ်ရာရသူနှင့် ဆက်စပ်လျက်ရှိနေသည်ဟု သံသယဖြစ်လျက်ရှိသည်။

ဗုံးပေါက်ကွဲမှုမှာ နိုဝင်ဘာ ၁၁ ရက် နေ့ခင်းပိုင်းအချိန်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဂျကာတာမြို့အရှေ့ဘက်ရှိ ကုန်ပဒေသာဆိုင်ကြီး တစ်ခုအနီးစားသောက်ဆိုင် တစ်ဆိုင်တွင် ဖြစ်ကြောင်း ဂျကာတာရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရသူများကို အနီးရှိဆေးရုံသို့ တင်ပို့ကုသပေးလျက်ရှိပြီး ဗုံးပေါက်ကွဲမှုဖြစ်ရပ်ကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(အင်တာနက်)**

# ကမ္ဘာကြီး ပူနွေးလာမှုကြောင့် ငှက်မျိုးစိတ်များ ပျောက်ကွယ်နိုင်

နိုင်ရိုဘီ နိုဝင်ဘာ ၁၆

**ရာသီဥတုပြောင်းလဲမှုကို မတားဆီးနိုင်ပါက ကမ္ဘာ့ငှက်မျိုးစိတ် ၇၂ ရာခိုင်နှုန်းအထိ ပြုန်းတီးပျောက်ကွယ်သွားနိုင်ကြောင်း၊ သို့သော် ယင်းသို့ ငှက်မျိုးစိတ်များ မဆုံးရှုံးအောင် အခွင့်တစ်ရပ်ရှိနေသေးကြောင်းဖြင့် ကမ္ဘာ့သားရဲတိရစ္ဆာန်များ ရန်ပုံငွေအဖွဲ့ (ဒဗလျူဒဗလျူအက်ဖ်)၏ အစီရင်ခံစာတွင် နိုဝင်ဘာ ၁၄ ရက်က ဖော်ပြလိုက်သည်။**

ပိုးမွှားကိုစားသောက်သည့် တစ်နေရာမှတစ်နေရာသို့ ပြောင်းရွှေ့သည့် ငှက်များမှသည် အန္တာတိတ်ဒေသ ပင်လယ်ပျော် ပင်ဂွင်းငှက်အဆုံးငှက်အများအပြားမှာ ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲမှုတို့ကို ဆိုးရွားစွာ ဒဏ်ခံကြရသည်ဟု အစီရင်ခံစာ၌ ဖော်ပြထားသည်။

## ပြုန်းတီးပျောက်ကွယ်

ယခုအခါ ကမ္ဘာကြီးပူနွေးလာမှုက ကမ္ဘာနှင့်အဝန်းရှိ ဂေဟစနစ်များအပေါ် ဩဇာကြီးမားစွာ စဉ်ဆက်မပြတ် ရိုက်ခတ်နေကြောင်းကို ငှက်များက ဖော်ပြနေသည်။ ယခုနှုန်းအတိုင်း တားဆီးဟန့်တားခြင်း မပြုလျှင် ငှက်မျိုးစိတ်များ ၇၀ ရာခိုင်နှုန်းအထိ ပြုန်းတီးပျောက်ကွယ်သွားနိုင်သည်။

## ထိန်းသိမ်း

သို့သော်လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ထုတ်မှုလျှော့ထားချက်အတိုင်း လျှော့ထုတ်ပြီး ကမ္ဘာကြီးပူနွေးလာမှုကို ထိန်းသိမ်းနိုင်မည်ဆိုလျှင် အဆိုပါအန္တရာယ်ကို ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း ဒဗလျူဒဗလျူအက်ဖ်က ဖော်ပြထားသည်။

**အမ်အင်အေ၊ရိုက်တာ**

# ဘဂ္ဂဒက်၌ ဗုံးကွဲ၊ ၁၁ ဦးသေဆုံး

**ဘဂ္ဂဒက် နိုဝင်ဘာ ၁၆**

ဘဂ္ဂဒက်မြို့ မြောက်ပိုင်းတွင် နိုဝင်ဘာ ၁၄ ရက်က အသေခံဗုံးခွဲသည့် အတွက် မီနီဘတ်စ်ကားတစ်စီးပေါ် လိုက်ပါလာသူ ၁၁ ဦးသေဆုံးပြီး ၁၈ ဦးဒဏ်ရာရသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးပေါက်ကွဲမှုမှာ တစ်ကြိမ်မကကြောင်း အချို့သတင်းရပ်ကွက်က ပြောကြားသည်။ သို့သော် အတိအကျ မသိရသေးပေ။

ဘဂ္ဂဒက်မြို့ မြောက်ပိုင်း လူမျိုးစုနေထိုင်သည့် နေရာတစ်ခုဖြစ်သည့် ရှားခရိုင်တွင် ယင်းသို့ဗုံးခွဲ တိုက်ခိုက်ခြင်း ဖြစ်ကြောင်းသိရသည်။

**အမ်အင်အေ၊ရိုက်တာ**

# ကုလသမဂ္ဂ ရာသီဥတုဆိုင်ရာညီလာခံ ရန်ပုံငွေကိစ္စ သဘောကွဲလွဲ

နိုင်ရိုဘီ နိုဝင်ဘာ ၁၆

**ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တော်၌ ကျင်းပသည့် ကုလသမဂ္ဂ ရာသီဥတုဆိုင်ရာ ညီလာခံ၏ ဒုတိယရက်သတ္တပတ် အစည်းအဝေးကို ပိုမိုဆင်းရဲသည့်နိုင်ငံများအား အကူအညီပေးရေး ရန်ပုံငွေ စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ သဘောထားကွဲလွဲလျက်ရှိသည်။**

ဖွံ့ဖြိုးဆဲနိုင်ငံများက ရန်ပုံငွေ အလုံအလောက် မရှိမှုတို့ကြောင့် ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ရန်ပုံငွေကို မည်သို့ ခွဲဝေပေးရမည်ကို သူတို့ဆုံးဖြတ်ခွင့်ရသင့်သည်ဟု စာဒကတက်နေစဉ်တွင် အနောက်အုပ်စုနိုင်ငံများက ရန်ပုံငွေ ထိန်းချုပ်ခွင့်ကို ကမ္ဘာ့ဘဏ်နှင့် ဆက်နွှယ်နေသည့်အဖွဲ့အစည်းတစ်ခုသို့ပေးအပ်ရန် လိုလားကြသည်။

## ပြောင်းလဲမှု

ပြီးခဲ့သည့် ရက်သတ္တပတ်အနည်းငယ်အတွင်းတွင် အာဖရိကတိုက်သည် ရာသီဥတု ပြောင်းလဲမှု၏ဒဏ်ကို အဆိုးရွားဆုံးခံရသည့် ဒေသဖြစ်ကြောင်း သတိပေးထားသည့် အစီရင်ခံစာ အများအပြားကို တွေ့ရသည်။

## ကာကွယ်ရန်

ယင်းသို့ဖြစ်ရသည်မှာ တစ်စိတ်တစ်ဒေသအားဖြင့်အာဖရိကဒေသအချို့မှာ မိုးခေါင်ခြင်း၊ ရေလွှမ်းခြင်းတို့ကြုံရပြီး တစ်စိတ်တစ်ဒေသအားဖြင့် အာဖရိက နိုင်ငံအများစုမှာ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကာကွယ်ရန် ငွေကြေး






**ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ကျောက်မျက်ရတနာ အရောင်းဆိုင်တစ်ဆိုင်တွင် ခရစ္စမတ်ပွဲတော်အတွက် ရောင်းချမည့် ခြောက်ကီလိုအလေးချိန်ရှိ ရွှေသား စစ်စစ်ဖြင့် ပြုလုပ်ထားသည့် ခရစ္စမတ် သစ်ပင်ကို နိုဝင်ဘာ ၁၃ ရက်က တွေ့ရစဉ်။**

(ယင်းခရစ္စမတ် သစ်ပင်ကို အမေရိကန်ဒေါ်လာ ၂၅၄၀၀၀ ဖြင့် ရောင်းချမည်ဖြစ်သည်။)

**(ဓာတ်ပုံ-အင်တာနက်)**

# ဥရောပတိုက်သားများ ပုံမှန်ကိုယ်အလေးချိန်ထက်ပို

လန်ဒန် နိုဝင်ဘာ ၁၆

**မော်လတာနှင့်ဂရိနိုင်ငံသားများသည် ဥရောပတိုက်မှ ကိုယ်အလေးချိန်များသူများ ဖြစ်ကြောင်း ဥရောပကော်မရှင်က ထုတ်ပြန်သည့် စာရင်းဇယားအရ သိရသည်။**

ဗြိတိန် နိုင်ငံသားများသည် ယေဘုယျ ဥရောပနိုင်ငံသားများကဲ့သို့ပင် ပုံမှန်ကိုယ်အလေးချိန်ထက် အနည်းငယ် ပိုလေးပြီး အီတလီနှင့် ပြင်သစ်နိုင်ငံသားတို့မှာမူ ကိုယ်ရေအစစ်ဆုံးဖြစ်သည်။

## ကြီးထွား

နှလုံးရောဂါ အပါအဝင် ကျန်းမာရေး ပြဿနာများနှင့် ဆက်နွှယ်နေသည့် အဝလွန်ခြင်းမှ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအများအပြားတွင် ကြီးထွားလာသည့် ပြဿနာတစ်ရပ်ဖြစ်သည်။

အဝလွန်ခြင်းကို ကိုယ်ခန္ဓာထုထည် အညွှန်းကိန်း(ဘီအမ်အိုင်)ဖြင့် တိုင်းတာသည်။ ဘီအမ်အိုင် ၁၈ဒသမ ၅နှင့်၂၅ အကြားကို ကျန်းမာရေးနှင့် ညီညွတ်သည့် ကိုယ်အလေးချိန်အဖြစ် သတ်မှတ်ပြီး ဘီအမ်အိုင်၂၅နှင့် ၃၀ကြားကို ပုံမှန်ထက်ပိုသည်ဟု သတ်မှတ်ကာ ဘီအမ်အိုင် ၃၀ အထက်ကိုအဝလွန်သည်ဟု သတ်မှတ်ထားသည်။

**(အင်တာနက်)**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## ဆိုင်ကယ်စီးစွမ်းရည်ပြသူ



**လေထဲတွင်ဝဲပျံကာ ဆိုင်ကယ်စီးကျွမ်းကျင်မှုစွမ်းရည်ကို ပြသနေသူ တစ်ဦးအား တွေ့ရစဉ်။** (ယာပုံ)

စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ကျင်းပသည့် ဆိုင်ကယ်စီးစွမ်းရည်ပြပွဲတွင် ဩစတြေးလျနိုင်ငံသား ဘလိတ်ဝီလီယံက အရှိန်ဖြင့်မောင်းနှင်ကာ လေထဲတွင် အတန်ကြာဝဲပျံ စီးပြခဲ့ကြောင်း၊ ၎င်းသည် အံ့ဖွယ်အထူးခြားဆုံး ဆိုင်ကယ်စီးကျွမ်းကျင်သူအဖြစ် သတ်မှတ်ခံခဲ့ရသည်။ **(အင်တာနက်)**



## ကမ္ဘာ့အသက်အငယ်ဆုံး ရုပ်ရှင်ဒါရိုက်တာ

**ကမ္ဘာပေါ်တွင် အသက်အငယ်ဆုံး ရုပ်ရှင်ဒါရိုက်တာ ကီရှန်ရှရစ်ခန်အား တွေ့ရစဉ်။** (ဝဲပုံ)

အိန္ဒိယနိုင်ငံ တောင်ပိုင်း ဘန်ဂလောမြို့သား အသက် (၁၀)နှစ်အရွယ်ရှိ ကီရှန်ရှရစ်ခန်သည် စတူဒီယိုတစ်ခုအတွင်း ရုပ်ရှင်ဖလင်များကို တည်းဖြတ်ခြင်း၊ ရိုက်ကူးရေး အစီအစဉ်များကို ဆောင်ရွက်ခြင်းတို့ကို ကျွမ်းကျင်စွာ ပြုလုပ်နိုင်လျက်ရှိသည်။ ၎င်းသည် ကမ္ဘာပေါ်တွင် အသက်အငယ်ဆုံး ရုပ်ရှင်ဒါရိုက်တာတစ်ဦးအဖြစ် ဂင်းနက်စ် မှတ်တမ်းဝင်မည်ဖြစ်သည်။ **(အင်တာနက်)**

# အကိုက်အခဲသက်သာသည့် သဘာဝဓာတ် လူ့ခန္ဓာကိုယ်တွင်ရှိကြောင်း တွေ့ရှိရ

လန်ဒန် နိုဝင်ဘာ ၁၆

**အကိုက်အခဲ သက်သာစေသည့် မော်ဖင်းထက် သုံးလေးဆအာနိသင်ရှိသည့် ဓာတ်တစ်မျိုးကို လူ့ခန္ဓာကိုယ်က ထုတ်ပေးကြောင်း သုတေသီများက ပြောကြားသည်။**

အိုပီယာဖင်ဟု အမည်ပေးလိုက်သည့် ယင်းဓာတ်မှာ ခန္ဓာကိုယ် အခြားနေရာများတွင် တွေ့နိုင်သည်ဟု ၎င်းတို့ကယူဆသော်လည်း သုတေသီများသည် ထိုဓာတ်ကို လူတံတွေးမှ ခွဲထုတ်ရယူလိုက်သည်။

## ပြောကြား

ကြွက်များကို ထိုဓာတ် ထိုးသွင်းစမ်းသပ်သည့်အခါ အကိုက်အခဲများ ထိရောက်စွာ သက်သာသွားသည်ဆို၏။ မော်ဖင်းထိုးသည့် ပမာဏထက်များစွာလျော့နည်းထိုးပေးရုံဖြင့် သက်သာကြောင်း ပြင်သစ်သုတေသီများက ပြောကြားသည်။

## အကျိုးပြု

လူ့တံတွေးတွင် အကိုက်အခဲ သက်သာသည့် ပရိုတိန်းပါကြောင်း တွေ့ရှိမှုမှာ အကိုက်အခဲပျောက်ဆေးများ တီထွင်ရာတွင် များစွာအကျိုးပြု အသုံးဝင်နိုင်မည်ဆိုသည်။

**(အင်တာနက်)**

# အီရတ် လက်နက်ကိုင်များ ပြန်ပေးဆွဲ

**ဘဂ္ဂဒက် နိုဝင်ဘာ ၁၆**

အီရတ်ရဲကွန်မန်ဒို ယူနီဖောင်းဝတ်ဆင်ထားသော လက်နက်ကိုင်များက နိုဝင်ဘာ ၁၄ ရက်တွင် ဘဂ္ဂဒက်မြို့လယ်ရှိ အဆင့်မြင့်ပညာရေးဝန်ကြီးဌာန အဆောက်အအုံတစ်ခုမှ အမျိုးသား ၁၀၀ ခန့်အား ပြန်ပေးဆွဲသွားကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ သေနတ်သမားများသည် ပစ်ကပ်ယာဉ်များဖြင့် ရောက်ရှိလာပြီး ၎င်းပညာရေးအဆောက်အအုံ အတွင်း ဝင်ရောက်စီးနင်းကာ အမျိုးသား ၁၀၀ခန့်အား ပြန်ပေးဆွဲ ဖမ်းဆီးသွားကြောင်း ပြောခွင့်ရ အမျိုးသမီးတစ်ဦးကပြောကြားသည်။

ယင်းလက်နက်ကိုင်များက အမျိုးသမီးအားလုံးကို အခန်းတစ်ခုအတွင်း ဝင်ရန် အမိန့်ပေးလိုက်ပြီး ယင်းတို့၏ ဆဲလ်ဖုန်းများကို အဝေးတွင်ထားလိုက်ကာ အမျိုးသားများကို ဖမ်းဆီးသွားခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

# အာဆီယံနှင့်အရှေ့အာရှဆွေးနွေးဖက်သုံးနိုင်ငံအစည်းအဝေးတက်ရန် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ခေါင်းဆောင်သောအဖွဲ့ စင်ကာပူသို့ထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၁၆

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပမည့် (၂၈)ကြိမ်မြောက်လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ အစည်းအဝေးနှင့် (၆)ကြိမ်မြောက် အာဆီယံနှင့် အရှေ့အာရှဆွေးနွေးဖက် သုံးနိုင်ငံတို့၏ အစည်းအဝေးများသို့ တက်ရောက်ရန် နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက နေပြည်တော်လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။**

**ပို့ဆောင်နှုတ်ဆက်**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ကိုယ်စားလှယ် အဖွဲ့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဝန်ကြီးနှင့်အတူ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန အာဆီယံယူနစ်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဌေးလိုက်ပါသွားသည်။ (၂၈)ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ အစည်းအဝေးမတိုင်မီ နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ကြိုတင်ကျင်းပသည့် အဆင့်မြင့် အရာရှိများ အစည်းအဝေးတက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မျိုးထွန်း၊ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဒေါက်တာမြင့်ဦးတို့သည် နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် စင်ကာပူ သမ္မတနိုင်ငံသို့ ကြိုတင်ထွက်ခွာသွား ခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ရွှေပြည်ဟိန်းပရဟိတလုပ်ငန်းများအတွက် ငွေလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကင်း ပြည်သာယာ (ကျိုက္ကဆံ စူပါဝမ်း၊ တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကျောင်းဆရာတော် ဦးဆောင်စီမံလျက်ရှိသော ပရဟိတ လုပ်ငန်းများအတွက် အလှူတော်ငွေများလှူဒါန်းကြရာ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်း ဦးအေးမြင့်- ဒေါ်ခင်ဝင်းမြင့်မိသားစုက ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် ကျပ်နှစ်သိန်း၊ ပြည်သာယာ မြရတနာလမ်း ဦးတင်မောင်-ဒေါ်သိန်းသိန်း သားရန်အောင် (ရုပ်ရှင်သရုပ်ဆောင်)မိသားစုကကျပ်တစ်သိန်း၊ သဃ်န်းကျွန်း ကျိုက္ကဆံအိမ်ရာ ဦးစည်သူဝင်း-ဒေါ်ဖြူဖြူခိုင်တို့က သားငယ်မင်းခန့်စည်သူ၏ မွေးနေ့ဒါနအဖြစ် ကျပ်တစ်သိန်း၊ ငွေကြာရံပါရမီရိပ်သာနှင်းဆီလမ်းနေ ဦးကိုကို-ဒေါ်ရီရီဟန် မိသားစုက ကျပ်ငါးသောင်း၊ လသာ အနော်ရထားလမ်း (Best Pre School) မှ ကျပ်သုံးသောင်း၊ ကြည့်မြင်တိုင် ဦးစိုးသိန်း-ဒေါ်စိန်စိန် သမီး မအိအိဆွေ (ဆေးဝါးကျွမ်းကျင်)က ကျပ်နှစ်သောင်း၊ ကန်တော်ကလေး ၈၈လမ်း ဒေါက်တာမြင့်ကြည်-ဒေါ်နွဲ့နွဲ့ရီမိသားစုက ဆေးခန်းအတွက် ကျပ်တစ်သိန်း၊ မျက်စိအထူးကု အတွက် ကျပ်ခြောက်သောင်း၊ လမ်း ၅၀ ဒေါ်သိန်းကြည် မျက်စိအထူးကုအတွက် ကျပ်ငါးသောင်း၊ ကမ်းနားလမ်း အလုံ ဒေါ်သက်သက်တင့် မိသားစု စစ်ကိုင်းမင်းကွန်းလမ်း မြေဖို့အလှူအတွက် ကျပ်ငါးသောင်း၊ (FMI City) ဂန္ဓမာလမ်း မြဇင်ယော် ဆေးတိုက်မိသားစုက လမ်းမြေဖို့ အလှူကျပ် နှစ်သောင်းငါးထောင် လှူဒါန်းကြသည်။ အလှူတော်ငွေများကို ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# The Live News ဂျာနယ် အမှတ်(၁၁)ထုတ်ဝေဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ်အမှတ်(၁၁)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ အိမ်တွင်းမှ ဝါးဦးထုပ်လုပ်ငန်း၊ သီပေါဘုရင်တံဆိပ်တော်၊ နိုင်ငံခြားဘာသာ ဒီပလိုမာဝင်ခွင့်စာမေးပွဲ ဘွဲ့ရလူငယ်တစ်ထောင်ကျော်ဖြေဆို၊ သေကံမရောက်သက်မပျောက်တဲ့ ရှေ့နေလေးချားဆွန်ဂျွန်၊ "တကယ်သဘောကျတယ်" ကိုရီးယား ဇာတ်လမ်းတွဲ၊ ပြင်သစ်တပ်ဖွဲ့နှင့် အစ္စရေး လေယာဉ်များ လက်ဘနွန်၌ ထိပ်တိုက်တွေ့၊ ဒီမိုကရက်တို့ကို အချိုသတ်နေသည့်ဘုရှ် အီရတ်မဟာဗျူဟာပြောင်းရေး ခေါင်းချင်းရိုက်ဆွေးနွေး၊ ငါးသောင်းတန်နှင့်တစ်သိန်းခွဲတန်၊ လူတစ်ယောက်၊ ခွေးတစ်ကောင်နှင့် သမ္မတဘုရှ်၏ နောက်ဆုံးနေ့ရက်များ၊ ရှင်တိုရှိုဂန်နှင့် ဆာမူရိုင်း၊ နျူကလီးယားကူးစက်ရောဂါစသည့် ပြည်တွင်းပြည်ပသတင်းများ၊ ဆောင်းပါးများနှင့် အနုပညာကဏ္ဍတို့ကို သာဂဒိုး၊ ကိုကိုလှိုင်၊ ဒေါက်တာမတင်ဝင်း၊ မြင်းမူမောင်နိုင်မိုး၊ ဒိုင်းနေအောင်နှင့် စာရေးဆရာ၊ သတင်းစာဆရာများက ပါဝင်ရေးသားထားသည်။

The Live News ဂျာနယ်နှင့် ဆက်သွယ်လိုသူများ၊ အမြို့မြို့အနယ်နယ်မှ စာမူရေးသားပေးပို့လိုသူများသည် အမှတ် ၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း ၀၀၄ လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**



# ပျဉ်းမနားမြို့နယ်မီးသတ်စခန်း ခေတ်မီနှစ်ထပ်အဆောက်အအုံ တည်ဆောက်မှု ပန္နက်တင်မင်္ဂလာ အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ပျဉ်းမနားမြို့နယ်မီးသတ်စခန်း ခေတ်မီနှစ်ထပ် မီးသတ်အဆောက်အအုံတည်ဆောက်ခြင်းပန္နက်တင်မင်္ဂလာအခမ်းအနားကို နေပြည်တော်ရှိ အဆိုပါမီးသတ်စခန်း ပရဝဏ်၌ကျင်းပရာ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ **(အပေါ်ပုံ)**၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ မီးသတ်ဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဦးကျော်ရွှေ၊ ပျဉ်းမနားခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဇော်တို့က သတ်မှတ်နေရာအသီးသီးတွင် မင်္ဂလာပန္နက်များရိုက်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ်မီးသတ်စခန်းနေရာသစ်တွင် တည်ဆောက်လျက်ရှိသော ခေတ်မီ နှစ်ထပ်မီးသတ်အဆောက်အအုံအား ကြည့်ရှုစစ်ဆေးရာ လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်သက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အဆောက်အအုံတည်ဆောက်ရေးအဖွဲ့မှ တာဝန်ရှိသူများက တည်ဆောက်ရေးအခြေအနေများအား ရှင်းလင်းတင်ပြရာ ဝန်ကြီးက သတ်မှတ်ပုံစံအတိုင်း စံချိန် စံနှုန်းပြည့်မီစွာ အချိန်မီပြီးစီးအောင် တည်ဆောက်ရေးအတွက် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**အထက(၂) အလုံ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၄ ရက်က မရမ်းကုန်းမြို့နယ် ရှစ်မိုင် မြိုင်ဟေဝန်ပန်းခြံအနီး ရွှေဘဲစားတော်ဆက်၌ကျင်းပရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ပစ္စည်းများ ပေးအပ်စဉ်။**

(က-ပ)

# နတ်မောက် အထက (တန်းမြင့်ကျောင်း) မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၆**

မကွေးတိုင်း နတ်မောက်မြို့ အထက(တန်းမြင့်ကျောင်း)တွင် ပညာသင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများအား ၎င်းစာသင်ကျောင်းတွင် ပညာသင်ယူခဲ့သော တပည့်ကျောင်းသား၊ ကျောင်းသူဟောင်းများက ဦးစီး၍ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၂၅ရက် (တနင်္လာနေ့)တွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

**ဆက်သွယ်လှူဒါန်းနိုင်**

အလှူငွေနှင့် ပစ္စည်းများကို ဦးအောင်ကျော်မင်း(ကျောင်းအုပ်ကြီး) နတ်မောက်ဖုန်း-၈၈၊ ကိုကျော်မျိုးတင်၊ ကိုရန်နိုင်ထွန်း၊ ကိုဇော်မိုးထွန်း၊ ကိုကျော်ဆန်းလွင်၊ ဒေါ်မိမိကျော် ၀၆၃-၂၁၀၆၅၊ ၂၃၈၆၂၊ ဒေါ်ထားထားရီ၊ ဒေါ်ခင်မာလှ ဖုန်း-၀၂-၆၁၁၀၄၊ ဒေါ်ဌေးဌေး ဖုန်း-၀၂-၃၉၇၃၅၊ ဦးအောင်ထွန်းလင်း ဖုန်း-၀၉-၅၀-၁၁၂၃၇၊ ဦးခိုင်ထွေး ဖုန်း-၀၁-၃၇၉၅၈၁၊ ၀၉-၈၀-၂၂၁၈၃၊ ဦးတင်မောင်အေး ဖုန်း-၀၁-၂၅၆၉၂၀၊ ဒေါ်တင်တင်စိုး ဖုန်း-၀၉-၅၁-၀၆၅၄၅၊ ဒေါ်ခိုင်ခိုင်စိုး ဖုန်း-၀၉-၅၁-၂၁၃၉၇နှင့် ဒေါ်စိုးစိုးမိုး ဖုန်း-၀၉-၅၃-၄၀၂၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

# စနေဂြိုဟ်၌မုန်တိုင်းကြီးတစ်ခုတွေ့ရှိ

**စနေဂြိုဟ်၏တောင်ဝင်ရိုးစွန်းတွင် ကမ္ဘာ့အချင်း၏သုံးပုံ နှစ်ပုံခန့်အချင်းရှိသည့် ဟာရီကိန်းသဖွယ် မုန်တိုင်းတစ်ခုကို နာဆာအဖွဲ့က လွှတ်တင်ထားသည့် စနေဂြိုဟ်စူးစမ်းလေ့လာရေး ကက်ဆီနီ အာကာသယာဉ်က ပေးပို့သည့် ဓာတ်ပုံများတွင် တွေ့ရသည်။**

**အချင်းမိုင်၅၀၀၀ရှိသည့် မုန်တိုင်းကို ကမ္ဘာမြေပြင်ပေါ်မှလွဲပြီး ဂြိုဟ်တစ်ခုပေါ်တွင်တွေ့ရသည့် ဟာရီကိန်းမုန်တိုင်းအဖြစ် ပထမဆုံးတွေ့ရှိရခြင်း ဖြစ်သည်။**

**မုန်တိုင်းတွင် မျက်စိနှင့်တူသောအပေါက်ကိုတွေ့ရပြီး လေက လက်ယာရစ်တစ်နာရီလျှင် မိုင်၃၅၀နှုန်းဖြင့် တိုက်နေသည်။**



**သို့သော် စနေဂြိုဟ် တောင်ဝင်ရိုးစွန်းမှ ယင်းဟာရီကိန်း မုန်တိုင်းသည် ကမ္ဘာမြေပေါ်မှ မုန်တိုင်းများနှင့် မတူဘဲ မရွေ့မလျား တည်ငြိမ်လျက် ရှိသည်ဆို၏။**

(ကိုးကား-အင်တာနက်)

# အင်တာနက် သတင်းနှင့်ဓာတ်ပုံ

## မျက်နှာအစားထိုးကုသမှု ထိပ်တန်းခွဲစိတ်ကုဆရာဝန်များထောက်ခံ

မျက်နှာအစားထိုးကုသမှုကို ထိပ်တန်းဆရာဝန်များဖြစ်ကြသည့် တော်ဝင်ကောလိပ် ခွဲစိတ်ကုဆရာဝန်များ (အာရ်စီအက်စ်)က ယခုအခါ သတိရှိရှိထောက်ခံလာကြပြီဟုသိရသည်။



မျက်နှာအစားထိုးကုသမှုကြောင့် မမျှော်မှန်းနိုင်သည့် ရုပ်ဝတ္ထုနှင့် စိတ်ဓာတ်ရေးရာအန္တရာယ်များ ကြုံနိုင်သည်ဆိုကာ လွန်ခဲ့သည့် သုံးနှစ်က ၎င်းတို့ကတားမြစ်အကြံပြုခဲ့ကြသည်။

ထိုအချိန်ကစပြီး အစ္စဘဲဒင်နောဆိုသူ ပြင်သစ်အမျိုးသမီးတစ်ဦး မျက်နှာတစ်ခြမ်းအစားထိုး ကုသမှုခံယူပြီး မျက်နှာတစ်ခုလုံးအစားထိုး ကုသရန် ဗြိတိန်ခွဲစိတ်ကုဆရာဝန်တစ်ဦး အခွင့်အရေးရရှိခဲ့သည်။

သို့သော် ထိုသို့မျက်နှာအစားထိုး ကုသမှုမခံမီ လိုက်နာရသည့် အချက် ၁၅ချက်ကို အာရ်စီအက်စ်က သတ်မှတ်ပေးသည်။

မျက်နှာတစ်ခြမ်းအစားထိုးကုသမှု ခံယူသူ ပြင်သစ်အမျိုးသမီးမှာ မိသားစုပိုင်ခွေးက ကိုက်ဖဲ့သဖြင့် နှာခေါင်း၊ အထက်အောက်နှုတ်ခမ်းများနှင့် ပါးပြင်တစ်ခုလုံး စုတ်ပြတ်ပျက်စီးသွားသည်။ ယခုမူ မျက်နှာခွဲစိတ်ကုသမှုကို လက်မခံ၍ မရအောင်ဖြစ်ရပါပြီဟု အာရ်စီအက်စ်က ဖော်ပြသည်။ **(ကိုးကား-အင်တာနက်)**

17-11 (06) 1 11/17/06, 2:02 PM

# ဂျီအက်စ်အမ် မိုဘိုင်းလ်ဖုန်းများတွင် သတင်းတိုရေးသားပေးပို့မှု မြန်မာဘာသာဖြင့် တိုက်ရိုက် ရိုက်နှိပ်ပေးပို့ အသုံးပြုနိုင်မည်ဖြစ်

● ကျော်ဖုံးမှ

"မိုဘိုင်းလ်ဖုန်းတွေမှာ မြန်မာစာကို အသုံးပြုနိုင်အောင် နောင်မှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မိုဘိုင်းလ်ဖုန်းတွေကနေ အင်တာနက် အသုံးပြုခွင့်ပေးတဲ့အခါ မြန်မာဘာသာနဲ့ရှိနေတဲ့



"သုတေသန လုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်သွားမယ်"
ဦးမြင့်သူ
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ဝက်ဘ်ဆိုက်တွေကို မြန်မာလို ကြည့်လို့ရအောင်နဲ့ မြန်မာဘာသာနဲ့ အီးမေးလ်ကိုမိုဘိုင်းလ်ဖုန်းတွေကနေပို့နိုင်၊ လက်ခံနိုင်အောင်လို့ အခုလိုတီထွင်ခဲ့တာပါ" ဟုမောင်ထူးမြင့်နောင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

မြန်မာနိုင်ငံတွင် ၂၀၀၄ ခုနှစ် အောက်တိုဘာလမှစတင်ကာ မိုဘိုင်းလ်ဖုန်းများကိုအသုံးပြု၍ သတင်းအချက်အလက်အတိုပေးပို့သည့်စနစ် (SMS) ကို ဖွင့်လှစ်ပေးခဲ့ရာ အင်္ဂလိပ်ဘာသာစကား တစ်ခုတည်းကိုသာ အသုံးပြုနိုင်ခဲ့သဖြင့် မြန်မာဘာသာစကားကိုအသုံးပြုပေးပို့ ဆက်သွယ်ဆောင်ရွက်နိုင်ရေး ယခုကဲ့သို့ တီထွင်ရခြင်းဖြစ်ကြောင်းလည်း မောင်ထူးမြင့်နောင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

## တိုက်ရိုက် ရိုက်နှိပ်ပေးပို့

ယခု တီထွင်လိုက်သည့် မိုဘိုင်းလ်ဆက်သွယ်ရေးသုံး မြန်မာစာစနစ်ကို My SMဟု အမည်ပေးထားပြီး မြန်မာနိုင်ငံတွင် လက်ရှိ အသုံးပြုနေသော ဂျီအက်စ်အမ် မိုဘိုင်းလ်ဖုန်း အသီးသီးတွင် သတင်းတိုရေးသားပေးပို့ခြင်းကို မြန်မာဘာသာဖြင့် တိုက်ရိုက်ရိုက်နှိပ်ပေးပို့ အသုံးပြုနိုင်တော့မည်ဖြစ်ရာ အလွန်ဝမ်းသာစရာကောင်းသည့်တီထွင်မှုပင် ဖြစ်သည်။

" My SM စနစ်ကို အသုံးပြုသူများအနေဖြင့် သီးခြားကျွမ်းကျင်မှု မလိုဘဲ တယ်လီဖုန်း အသုံးပြုသူတိုင်း အလွယ်တကူ ရိုက်နှိပ် အသုံးပြုနိုင်ကြောင်း၊ မြန်မာစာ တတ်သူတိုင်း ၁၀မိနစ် စမ်းသုံးကြည့်ရုံဖြင့် အသုံးပြုနိုင်ကြောင်း" လည်း မောင်ထူးမြင့်နောင်က မြန်မာ့အလင်းသို့ ဆက်ရှင်းပြသည်။

## ချိတ်ဆက်အသုံးပြုနိုင်

မိမိ၏ မိုဘိုင်းလ်ဖုန်းတွင် စာသားများ ရိုက်နှိပ်ရာတွင် အက္ခရာများကို ရိုက်နှိပ်ခြင်း၊အသတ်စဉ်များကို ရိုက်နှိပ်ခြင်း၊ သရ၊ ဗျည်းတွဲများကို ရိုက်နှိပ်ခြင်းနှင့်အထူး အက္ခရာများကို ရိုက်နှိပ်ခြင်းဟူ၍ ခွဲခြားပေးထားသည်။ ကွန်ပျူတာနှင့်လည်း ချိတ်ဆက်အသုံးပြုနိုင်သည့်အပြင် ကွန်ပျူတာတွင် ယူနီကုတ် မြန်မာစာအသုံးပြုသည့်အတိုင်း အသုံးပြုမည်ဖြစ်ပြီး ရရစ်အမျိုးမျိုး မရှိခြင်း တစ်ချောင်းငင်၊ ဟထိုးအမျိုးမျိုးမရှိခြင်းနှင့် My SMတွင် တစ်ပါတည်း ထည့်သွင်းပေးထားသော အလိုအလျောက် စာလုံးညှိစနစ်ကြောင့် မြန်မာစာလုံးများကို ရိုက်နှိပ်သွားရာတွင် စာကြောင်းပြည့်သည့် မဆံ့သော စာလုံးများ အလိုအလျောက်ဆင်းသွားမည်ဖြစ်ကြောင်း လက်တွေ့သရုပ်ပြ ရှင်းလင်းသွားသည်။

ထို့အပြင် အဆိုပါစနစ်တွင် မြန်မာဘာသာစကားတွင်း အင်္ဂလိပ်ဘာသာစကားကိုလည်း တစ်ပါတည်းရော၍ အသုံးပြုနိုင်စေရန်လည်း စီစဉ်ထားသည်။ My SM ကို အသုံးပြုပြီး မြန်မာစာကို ရိုက်နှိပ်ရာတွင် ယူနီကုတ် စနစ်ကို အသုံးပြုသော်လည်း တယ်လီဖုန်း တစ်လုံးမှ တစ်လုံးသို့ ပေးပို့သောအခါ တယ်လီဖုန်းတွင် မူလကတည်းကပါရှိသည့် SMS စနစ်အတိုင်း ပေးပို့သဖြင့် My SM ဖြင့် သတင်းတိုရေးသားပေးပို့ခြင်းအတွက် ပျမ်းမျှစာလုံးရေ ၄၀၀ခန့် ပေးပို့ရနိုင်မည် ဖြစ်သည်။



မိုဘိုင်းလ်ဖုန်းများ ပေါ်တွင် မြန်မာစာအသုံးပြုနိုင်ပုံကို ဤသို့ လက်တွေ့ အသုံးပြု ရိုက်နှိပ်ပြသခဲ့သည်။
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

## ယူနီကုတ်စနစ်

တစ်ဖန် မြန်မာစာကို မိုဘိုင်းလ်ဖုန်းတွင် ယူနီကုတ်စံသတ်မှတ်ချက်ကို အခြေခံ၍ အသုံးပြုနိုင်ရန်ပြုလုပ်ထားသဖြင့် ကွန်ပျူတာများတွင် ရိုက်နှိပ်ထားသော ယူနီကုတ်စနစ် အသုံးပြုသည့် မြန်မာစာများကို မိုဘိုင်းလ်ဖုန်းတွင်ဖတ်ရှုနိုင်မည်ဖြစ်သည်။ ကွန်ပျူတာနှင့် တိုက်ရိုက်ချိတ်ဆက်၍ စာများ ရေးသားပေးပို့နိုင်သည်။

ပို၍ အံ့သြစရာကောင်းသည်မှာ မိုဘိုင်းလ်အခြေခံ Frame work ကို ထည့်ပေးထားသဖြင့် မိုဘိုင်းလ်ဖုန်းများတွင် အသုံးပြုနိုင်မည့် မြန်မာဘာသာ အခြေခံဆော့ဖ်ဝဲများ ရေးသားနိုင်ရေးကိုလည်းအထောက်အကူပေးနိုင်သဖြင့် နောင်တွင် မိုဘိုင်းလ်ဖုန်းများမှ အင်တာနက် ကြည့်ရှုခြင်း၊ မိုဘိုင်းလ်ဖုန်းများမှ အီးမေးလ်ပေးပို့ခြင်း၊ မိုဘိုင်းလ်ဖုန်းများအတွက် အင်္ဂလိပ်- မြန်မာအဘိဓာန်၊ ရန်ကုန်လမ်းညွှန် အစရှိသည့် မိုဘိုင်းလ်ဆက်သွယ်ရေးစနစ်သုံး ဆော့ဖ်ဝဲများ ရေးသားအကောင်အထည်ဖော်နိုင်တော့မည် ဖြစ်သည်။ အားလုံးမှာ မြန်မာဘာသာ စကားများဖြင့် အင်တာနက် ကြည့်ရှုနိုင်တော့မည်ဖြစ်သည်။

## ဆက်သွယ်နိုင်

My SM စနစ်ကို ယခု နှစ်ကုန်ပိုင်းတွင် အများပြည်သူတို့ အသုံးပြုနိုင်ရန်အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ထို့အတူ မောင်ထူးမြင့်နောင်တို့အနေဖြင့် သုတေသနလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မိုဘိုင်းလ်ဖုန်းသုံး မြန်မာစာစနစ်ကို အများပြည်သူတို့ အသုံးပြုရန်နှင့် ဈေးကွက်တင် ရောင်းချရန်အတွက် အကျိုးတူပူးပေါင်း လုပ်ကိုင်မည့် အဖွဲ့အစည်းများ ဆက်သွယ်နိုင်ပါကြောင်းလည်း Techno-mation Studios မှ တာဝန်ရှိသူ တစ်ဦးဖြစ်သူ ဦးမြင့်သူက ပြောကြားသည်။

ယခု မိုဘိုင်းလ်ဆက်သွယ်ရေးသုံး မြန်မာစာစနစ်ကို တီထွင်ခဲ့သော မောင်ထူးမြင့်နောင်သည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင်ပညာသင်ကြားနေသော ကျောင်းသားတစ်ဦးဖြစ်ပြီး ယခုနှစ်စောစောပိုင်းကလည်း ယူနီကုတ်စံသတ်မှတ်ချက် ၄ ဒသမ ၁ အတွက် ကွန်ပျူတာသုံး မြန်မာစာစနစ် My Myanmar Unicode System ကို တီထွင်ခဲ့သူတစ်ဦးလည်းဖြစ်သည်။



"မိုဘိုင်းလ်ဖုန်းတွေမှာ မြန်မာစာ ကြိုက်သလောက်ရေးလို့ရတယ်၊ တစ်စက္ကန့်ကို စာနှစ်လုံးလောက် ရိုက်နှိပ်နိုင်တယ်"
မောင်ထူးမြင့်နောင်
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ယခုတီထွင်လိုက်သော မိုဘိုင်းလ်ဖုန်းများတွင် အသုံးပြု၍ရသော မြန်မာစာစနစ် My SM နှင့် ပတ်သက်သော အချက်အလက်များကို အင်တာနက်တွင် http/:www.My Myanmar. net/ mobile သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

ထို့ကြောင့် မိုဘိုင်းလ်ဖုန်းများပေါ်တွင် မြန်မာစာသုံး စကားပြော၊ သတင်းပေးပို့နိုင်တော့မည်ဖြစ်သကဲ့သို့ မကြာမီ အင်တာနက်များကိုလည်း မြန်မာလို ကြည့်ရှုနိုင်တော့မည်ဖြစ်ကြောင်းသတင်းစကား ရေးသားလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

"မိုဘိုင်းလ်ဖုန်းများပေါ်တွင် မြန်မာစာသုံး၍ရကြောင်း" ရှင်းလင်းပွဲ တက်ရောက်လာသူများအား တာဝန်ရှိသူတစ်ဦးက ဤသို့ ရှင်းပြခဲ့သည်။
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)





မဟာစည်သြဝါဒခံ ညောင်ကန်အေး ရွှေပြည်သာ သာသနာ့ရိပ်သာ၏ (၁၃)ကြိမ်မြောက် စုပေါင်းကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၈ ရက်က ကျင်းပရာ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အင်းစိန် ညောင်ကန်အေး သာသနာ့ရိပ်သာ ဆရာတော် ဦးဣန္ဒကနှင့် ရွှေပြည်သာ ညောင်ကန်အေးသာသနာ့ရိပ်သာ ဆရာတော် ဦးအာစိဏ္ဏ (ရွှေဘို)အမှူးပြုသော သံဃာတော်များအား တပည့်ဒါယကာ ဒါယိကာမများနှင့် အလှူရှင်များက ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။ (က-ပ)

# စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများ

## မမှန်မကန်ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုင်ကြားနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၆**

နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားကို ပြည်သူလူထုယုံကြည်အားကိုးသည့် သန့်ရှင်းသောအုပ်ချုပ်ရေး ယန္တရားတစ်ရပ်ဖြစ်ပေါ်လာစေရန် အဘက်ဘက်မှ စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း ပြည်သူလူထုအတွက် ကောင်းမွန်မှန်ကန်သော ဝန်ဆောင်မှုပေးနိုင်ရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာနတွင် ဝန်ကြီးရုံးအဖွဲ့၊ စွမ်းအင်စီမံရေးဦးစီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းနှင့် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းတို့ကို ဖွဲ့စည်းလျက် ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များဖြင့် ပြည်သူလူထု အကျိုးစီးပွားကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် စွမ်းအင်ဝန်ကြီးဌာနရှိ ပြည်သူ့ဝန်ထမ်း အဆင့်အတန်းအားလုံးထဲမှ တစ်ဦးဦးသည် ငွေကြေး၊ ပစ္စည်း၊ အခွင့်အရေး၊ အဂတိလိုက်စားမှု ပြုလုပ်လျှင်သော်လည်းကောင်း၊ တည်ဆဲလုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီသော မမှန်မကန်လုပ်ပိုင်ခွင့်ကို အသုံးပြု၍ ကိုယ်ကျိုးရှာမှု၊ အနိုင်အထက်ပြုကျင့်မှုများ ပြုလုပ်ခဲ့လျှင်သော်လည်းကောင်း နစ်နာခံစားရသူ ပြည်သူလူထုကိုယ်တိုင်က စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဖော်ပြပါ လိပ်စာနှင့် ဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်သည်။

ယင်းတို့မှာ ဝန်ကြီး ဖုန်း-၀၆၇-၄၁၁၀၄၉၊ ဒုတိယဝန်ကြီး ဖုန်း-၀၆၇- ၄၁၁၀၅၄၊ ရုံးအဖွဲ့မှူး ဖုန်း ၀၆၇-၄၁၁၀၆၀၊ ဖက်(စ်) ၀၆၇-၄၁၁၀၁၂၊ စွမ်းအင်ဝန်ကြီးဌာနရုံး အမှတ်(၆) နေပြည်တော်၊ e.mail; myanenergy@mptmail.net. mm တို့ ဖြစ်သည်။

ဝန်ကြီးရုံးက ဥပဒေနှင့်အညီ မြန်ဆန်ထိရောက်စွာ စုံစမ်းစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူလူထုကလည်း နည်းလမ်းတကျ ပူးပေါင်းပါဝင်ကြရန် စွမ်းအင်ဝန်ကြီးဌာနက တိုက်တွန်းထားသည်။ **(သတင်းစဉ်)**

# နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲနှင့် ဟောပြောပွဲ အထက(၂) ကြည့်မြင်တိုင်၌ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီက အထက(၂) ထီးတန်းခန်းမ ကြည့်မြင်တိုင်မြို့နယ်၌ နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲ၊ ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ ရေဒီယိုနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးသန့်ဇင်၊ ကြည့်မြင်တိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုလတ်၊ အထက(၂)မှ ဒုတိယကျောင်းအုပ်ဆရာမ ဒေါ်အေးအေးသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ကြည့်မြင်တိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုလတ်က နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲကျင်းပရခြင်းရည်ရွယ်ချက်ကိုဟောပြောသည်။

ဆက်လက်၍ ကြည့်မြင်တိုင်မြို့နယ် အထက(၂)မှ ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့် ကျောင်းသူကျောင်းသားများက ရေဒီယိုတစ်လုံးအပြင် ငွေကျပ် တစ်သောင်းနှစ်ထောင်သုံးရာ တန်ဖိုးရှိ သုတ၊ ရသစာအုပ်ပေါင်း အုပ် ၅၀ ကို ပြန်ဆက်ဦးစီးမှူးထံ ပေးအပ်သည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုလတ်က မဂ္ဂဇင်းအုပ် ၅၀ ကို ပြန်လည်ပေးအပ်လှူဒါန်းရာအထက(၂)မှဒုတိယကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက လက်ခံရယူကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင် ဆောင်ရွက် အထွက်ကောင်းမျိုးများနှင့် စိုက်စနစ်မှန်ကန်ရေး လေ့လာစိုက်ပျိုး

✡ ရှေ့ဖုံးမှ

ဆက်လက်၍ တိုင်းဆည်မြောင်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဆန်းက ညောင်တုန်းဒေသရှိ ရေကြီးကွင်း ရေနက်ကွင်းဧရိယာအတွင်း ရေလွှမ်းမိုးမှုမှ ကာကွယ်ရန် ရေထိန်းတံခါးများ၊ ရေထွက်ပေါက်များ တည်ဆောက်နေမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ တိုင်းမြေစာရင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်တင်မြင့်က မြေလုပ်ကိုင်ခွင့် ခွဲဝေချထားမှုနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

## စွမ်းအားပြည့်ပါဝင်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက နိုင်ငံတော်က စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွင် ဧရာဝတီတိုင်းကို အဓိကအားထားလျက်ရှိရာ ညောင်တုန်း ရေကြီးကွင်း ရေနက်ကွင်း ဒေသသည် ဧရာဝတီတိုင်းအတွက် အဓိကအားထားရသော ဒေသဖြစ်ကြောင်း၊ ဧရာဝတီတိုင်းအတွင်း မိုးစပါး ဧက ၃၇ သိန်း၊ နွေစပါး ဧက ၁၆ သိန်း၊ ရေချိုငါးကန် ဧက ၁၁၀၀၀၀ ပြည့်မီစေရန် မိမိတို့ရရှိထားသော မြေဧရိယာတွင် စွမ်းအားပြည့် တစ်တပ်တစ်အား ပါဝင်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဝါဝါဝင်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၏ ရေချိုပုစွန်သားဖောက်မွေးမြူထုတ်လုပ်မှုနှင့် ငါးမြစ်ချင်းနှင့် ငါးခေါင်းပွငါးများ မွေးမြူထုတ်လုပ်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

## ဖြည့်စွက်တင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာအနီးရှိ မန်းချိုနှင့် သားများ(ကိုသန့်ဇင်)၏ လောင်စာဆီအစားထိုးစပါးခွံ ဓာတ်ငွေ့မီးဖိုလုပ်ငန်းသို့ ရောက်ရှိကြရာ စက်ရုံမှူး ဦးသန့်ဇင်က စက်ရုံမှ ထုတ်လုပ်သော စပါးခွံဓာတ်ငွေ့မီးဖို၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှု၊ ကျေးရွာတစ်ရွာခန့်အား မီးပေးနိုင်မှုနှင့် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်တို့အတွက် စက် ၃၆ လုံး တည်ဆောက်ထုတ်လုပ်ပေးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ဒေသနှင့်ကိုက်ညီ၍ တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်ရန် ကြိုးပမ်းထုတ်လုပ်ရေးနှင့် လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး စက်နှင့် စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ထားရှိမှုတို့ကို ကြည့်ရှုအားပေးသည်။

## စပါးထွက်ရှိမှု

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မအူပင်မြို့နယ် မီးသွေးချောင်းကျေးရွာရှိ တောင်သူဦးမာလာ၏ ကွင်းအမှတ် ၉၆၇(ဂ)သို့ ရောက်ရှိကြရာ မအူပင်ခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ခရိုင်မန်နေဂျာ ဦးမြင့်ဆွေက ရေကြီးကွင်း ရေနက်ကွင်းများအတွင်း စိုက်ပျိုးနိုင်သည့် ဆစ်ပွားဖြူ၊ ရေနက်-၅၊ ရတနာဝင်းနှင့် သုခထွန်း စပါးမျိုးများ ထွက်ရှိမှုအခြေအနေနှင့် သက်တမ်းကြာမြင့်ချိန်တို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ရတနာဝင်းစပါးမျိုးသည် ရေကြီးကွင်း ရေနက်ကွင်း၌ စိုက်ပျိုးသည့် စပါးမျိုးများအနက် အထွက်နှုန်းကောင်းပြီး ရိတ်သိမ်းချိန် တစ်လစော၍ ယခုနိုဝင်ဘာလကုန်တွင် ရိတ်သိမ်းနိုင်မည်ဖြစ်ကာ ဒီဇင်ဘာလတွင် နွေစပါးကို နှစ်သီးအဖြစ် စိုက်ပျိုးနိုင်မည်ဖြစ်သောကြောင့် ရေနက်ကွင်းဒေသနှင့် သင့်တော်သဖြင့် တိုးချဲ့စိုက်ပျိုးသွားကြရန် မှာကြားပြီး စိုက်ကွင်းအတွင်း စပါးသီးခိုင်များ ပေါ်ထွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မအူပင်မြို့နယ် လေသာကျေးရွာအနီးရှိ ညောင်ပုစိုက်ပျိုးရေးပညာပေးစခန်းသို့ ရောက်ရှိပြီး ဧရာအောင်၊ မော်ဘီ(၃)နှင့် ဆင်းသွယ်လတ် မိုးစပါးစိုက်ခင်းများနှင့် ရင့်မှည့်ပြီးသောစပါးများ ရိတ်သိမ်းခြွေလှေ့နေမှု၊ နွေစပါးစိုက်ပျိုးရန် ထွန်ယက်နေမှုနှင့် စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များသည် အလန်ကျေးရွာနှင့် လေသာကျေးရွာမှ ကောက်စိုက်သမများအား ဝတ်စုံစရိတ် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေးပညာပေးစခန်းတွင် ပြသထားသည့် မျိုးစေ့နမူနာများကို ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များသည် အဏ္ဏဝါလွှမ်း ကုမ္ပဏီလီမိတက်၏ ရေချို ရေငန် ငါးပုစွန်မွေးမြူရေးစီမံကိန်းသို့ ရောက်ရှိကြရာ မန်နေဂျင်းဒါရိုက်တာ ဦးခင်စိုးက ရေချိုငါးမြစ်ချင်းမွေးမြူထားကာ ယခင်နှစ်က တန်ချိန် ၁၅၀၀ ထုတ်လုပ်ခဲ့ပြီး ယခုနှစ်တွင် တန်ချိန် ၃၀၀၀ ထုတ်လုပ်ရန်ဆောင်ရွက်နေမှုနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်များ၌ ဖြန့်ဖြူးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ထုတ်လုပ်မှုအရည်အသွေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြားခေတ်မီတိုးတက်သော နည်းပညာများ အသုံးပြု၍ ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားပြီး ငါးမြစ်ချင်းများ မွေးမြူထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးသည်။

## လိုအပ်သည်များမှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မအူပင်-ကျိုက်လတ် ကားလမ်းဘေးဝဲယာ မိုးစပါးများ ဖြစ်ထွန်းအောင်မြင်နေမှုအခြေအနေနှင့် မအူပင်-ကျိုက်လတ်ကားလမ်း လမ်းပိုင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ထွက်ခွာခဲ့ကြရာ မိုင်တိုင် ၈ မိုင် ၁ ဖာလုံသို့ ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူး ဦးစိုးမြင့်က လမ်းပိုင်းအတွင်း ကတ္တရာခင်းရန်ကျန်ရှိနေသော ၁ မိုင် ၅ ဖာလုံအား ယခုနှစ်အတွင်း အပြီးသတ်လုပ်ငန်း ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များ မှာကြားသည်။

အဆိုပါ မအူပင်-ကျိုက်လတ်ကားလမ်းတွင် အရှည် ၁၂ မိုင်၊ အကျယ် ၂၂ ပေရှိ ကျောက်ချောခင်းလမ်းကို ရာနှုန်းပြည့်ခင်းပြီးကာ ကတ္တရာခင်းရန် ၁ မိုင် ၅ ဖာလုံသာ ကျန်ရှိတော့ကြောင်း သိရသည်။

## ကြက်ဆူပင်များစိုက်ပျိုးပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျိုက်လတ်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြပြီး ခွဲစိတ်ခန်း၊ အမျိုးသမီးလူနာဆောင်တို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာစန်းစန်းတင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဒေသ၌အဖြစ်များသော ရောဂါများ အခြေအနေကို မေးမြန်း၍ ကျေးလက်ဒေသအရောက် ကွင်းဆင်းကုသ၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်သွားရေး မှာကြားပြီး တိုင်းမှူးနှင့်အတူ ဆေးရုံဝင်းအတွင်း၌ စိုက်ပျိုးပြီးသော ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေး၍ ကြက်ဆူပင်များကို စိုက်ပျိုးပေးကြကာ မြေဩဇာများ ထည့်သွင်းပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျိုက်လတ်-ဖျာပုံလမ်း တစ်လျှောက် လမ်းဘေးဝဲယာ မိုးစပါးများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် လမ်း၊တံတားများအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ ထွက်ခွာကြပြီး ဖျာပုံတံတားတည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

## အပြီးသတ်ဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ တံတား ဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၇)မှ အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်က တံတားတည်ဆောက်ရေးစီမံကိန်း ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသော မြေသားလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက စီမံကိန်းကာလပြီးစီး၍ တံတားကြီးဖွင့်လှစ်နိုင်တော့မည်ဖြစ်ရာ ကျန်ရှိသောလုပ်ငန်းများကိုလည်း သတ်မှတ်ကာလအမီ စံချိန်စံညွှန်းနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တံတားတည်ဆောက်ပြီးစီးမှုအခြေအနေနှင့်၊ စက်ယန္တရားများဖြင့် ဒေးဒရဲဘက်ကမ်း ချည်းကပ်လမ်း မြေသား ဖြည့်နေမှုများ ဆောင်ရွက်မှုအခြေအနေကို တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့နယ်အောက် ကွင်းကြီးကျေးရွာရှိ စပါးမျိုးသန့်ခြံသို့ ရောက်ရှိကြပြီး မော်ဘီ ၅ နှင့် ရွှေမြန်မာမျိုးသန့် အဆင့်(၁)မျိုးစပါးများ ရှင်သန်ဖြစ်ထွန်းနေမှု၊ ရိတ်သိမ်းခြွေလှေ့နေမှုနှင့် နွေစပါးစိုက်ပျိုးရန်ထွန်ယက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။



ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် စံရိပ်ငြိမ်ကျောင်းတိုက်အတွင်း တည်ဆောက်မည့် သုံးထပ်ခဏ္ဍာသိမ်တော်အတွက် ရန်ကုန်သစ်ရပ်ကွက် အောင်ဇေယျ ၆ လမ်း အမှတ် ၄၁ နေ ဦးကျော်ဟန်အား ရည်စူး၍ ဒေါ်ညွှန့်ရွှေ မိသားတစ်စု (AAA) ဆန်ဆိုင်မှ အလှူတော်ငွေကျပ်တစ်သိန်းကိုးသောင်းကို နိုဝင်ဘာ ၁၁ ရက်က လှူဒါန်းရာ ပဓာနနာယက ဆရာတော် နယ်လှည့်သာသနာပြု ဓမ္မကထိက အရှင်ဇဝန (ပဲခူး) အား ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## နမူနာများကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဆင်းသွယ်လတ်၊ မော်ဘီ(၅)ရွှေမြန်မာ၊ ရွှေပြည်တန်၊ ဧရာအောင်၊ ရေဆင်းလုံးသွယ်၊ ချိုင်းနက်(၆၀)၊ ရွှေနံ့သာ(၉)၊ ရတနာအောင်နှင့် ပေါ်ဆန်း ရင် (ဘေးကြားလေး) မျိုးစေ့နမူနာများ၊ ဆန်နမူနာနှင့် ထမင်းနမူနာများကို ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဒေသခံ တောင်သူများအားတွေ့ဆုံ၍ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင် ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေများ တိုးတက်လာမည်ဖြစ်၍ အထွက်ကောင်းမျိုးများနှင့် စိုက်စနစ် မှန်ကန်ရေးတို့ကို လေ့လာသင်ယူ စိုက်ပျိုးသွားကြရေး မှာကြားပြီး တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြပြီး တပ်ရင်းမိသားစုများ၏ တစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

## နွေစပါးစိုက်ပျိုးမှုတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြပြီး ဖျာပုံခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများအား တွေ့ဆုံရာ ရှေးဦးစွာ ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှမြင့်က ဖျာပုံခရိုင်၏ မိုးစပါးစိုက်ပျိုးမှုနှင့် ရိတ်သိမ်းမှု၊ နွေစပါးစိုက်ပျိုးပြီးစီးမှုနှင့် အခြားသီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ကြိုးပမ်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ဖျာပုံခရိုင်အနေဖြင့် ဧရာဝတီတိုင်းတစ်ခုလုံး မိုးစပါးစိုက်ဧက ၃၇ သိန်းနှင့် နွေစပါးဧက ၁၆ သိန်းပြည့်မီရန် ဖျာပုံခရိုင်အတွင်း တိုးချဲ့စိုက်ပျိုးသွားရေး မကြာမီ ဧရာဝတီတိုင်း၏ပေ ၁၈၀ အထက် ၄၃ စင်းမြောက် ဖျာပုံတံတားသစ်ကြီးဖွင့်လှစ်နိုင်တော့မည်ဖြစ်ရာ နိုင်ငံတော်၏ ဒေသအပေါ်ထားရှိသော စေတနာကို တုံ့ပြန်သောအားဖြင့် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍအရပ်ရပ်တို့တွင် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တိုးတက်မြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ အောက်ခြေအထိ ကွင်းဆင်းဆောင်ရွက်သွားကြရေး မှာကြားပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**


## စီးပွားရေးတက္ကသိုလ်(ရန်ကုန်)အာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၆**

စီးပွားရေးတက္ကသိုလ် စတင်ထူထောင်သောနေ့ အထိမ်းအမှတ် (၄၂)ကြိမ်မြောက် အထိမ်းအမှတ် အာစရိယပူဇော်ပွဲကို စီးပွားရေးတက္ကသိုလ် ဘွဲ့ရအသင်းက ကြီးမှူး၍ ဒီဇင်ဘာ ၃၁ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် စီးပွားရေးတက္ကသိုလ်(ပင်မ) အခန်း ၁၀ ၌ နှစ်စဉ်ကျင်းပသည့် အစဉ်အလာအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အဆိုပါ အာစရိယပူဇော်ပွဲသို့ ကျောင်းသူကျောင်းသားဟောင်းများ စုံညီစွာတက်ရောက်ကြရေးနှင့် အလှူငွေများကို ဦးစိုးတင့်အောင် ဥက္ကဋ္ဌဖုန်း- ၅၃၄၄၁၂၊ ဦးသင်းမောင် ဒုတိယဥက္ကဋ္ဌ ဖုန်း-၀၉-၅၁၀၀၄၆၁၊ ဦးခိုင်ဝင်း ဖုန်း- ၃၈၃၈၃၅၊ ဒေါ်နန့်မေစန်း ဖုန်း-၃၇၇၂၉၀နှင့် ဦးလှငြိမ်း အတွင်းရေးမှူး ဖုန်း-၅၃၄၄၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**




ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အရန်မီးသတ်တပ်ဖွဲ့အကြို အခြေခံမီးသတ်သင်တန်း(၁/၂၀၀၆)ဖွင့်ပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကိုကိုဦး အဖွင့်အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)


သတ္တမအကြိမ်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ

ရန်ကုန်မြို့

၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ (၂၅-၂၆) ရက်နေ့



**သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ**

**ဆောင်ပုဒ်များ**

- ❒ သမားတော်များ ညှိနှိုင်းလို့ ဆေးစွမ်းကောင်းတွေ ဖော်ထုတ်စို့၊
- ❒ ပြည်သူတို့ရဲ့ကျန်းမာရေး တိုင်းရင်းဆေးဖြင့်စောင့်ရှောက်ပေး၊
- ❒ တိုင်းရင်းသမားတော်များ ညီလာခံ ညီညွတ်မှုကို အခြေခံ၊ တစ်မျိုးသားလုံးကျန်းမာရေး ဝိုင်းဝန်းအားထုတ်ဆောင်ရွက်ပေး။

၂၀၀၆ခုနှစ်၊ နိုဝင်ဘာလ (၂၅-၂၆)ရက်နေ့ ရန်ကုန်မြို့။

# ကမ္ဘောဇဗ္ဗာနေ့ မောရှမ်းမြေမှ စက္ခုအလင်းအလှူပွဲ

ဒေါက်တာနီလာသိန်း (လင်းရောင်သစ်)

တစ်ဆောင်းသစ်ခဲ့ပြန်ပါပြီ။ မြူခိုးတွေဝေနေသည့် နိုဝင်ဘာ နံနက်ခင်းမှာပဲ ရှမ်းပြည်နယ်(တောင်ပိုင်း) သို့ ရောက်ရှိခဲ့ပေသည်။ သာမောဖွယ်ရာ ရှမ်းရိုးမတောင်တန်းကြီးကို နောက်ခံထား၍ ပန်းချယ်ရီများ၊ ပန်းမယ်ဇလီများ၊ ထင်းရှူးတောများဖြင့် ပန်းချီကားတစ်ချပ်သဖွယ် လှပနေကြသလို တောင်စောင်းတောင်ကမ်းပါးများက ကွေ့ကောက် နိမ့်ဆင်းသွားလိုက်၊ မြင့်မားမတ်စောက်သွားလိုက်ဖြင့် ရှမ်းရိုးမအလှများကို ရှုမျှော်မဆုံးအောင် တွေ့မြင်နေရပေသည်။

ဤခရီးစဉ်သည်ကား ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၏ စီစဉ်မှုဖြင့် ဂျပန်-မြန်မာ မျက်စိအထူးကု ဆရာဝန်ကြီးများနှင့် ဒေသခံလူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်သည့် ပြည်သူလူထုအခြေပြု မျက်စိကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးတွင် ကျင်းပမည့် ခရီးစဉ်ပင်ဖြစ်သည်။

ဂျပန်နိုင်ငံ ဖူဂျီတာ ကျန်းမာရေးတက္ကသိုလ်မှ ဒေါက်တာ ဟိုရီအိုနာအိုအိချိ ဦးဆောင်သည့် အဖွဲ့ဝင်ကိုးဦးပါဝင်သော ဂျပန်မျက်စိအထူးကု အဖွဲ့သည် နိုဝင်ဘာလ ၄ရက်နေ့တွင် လေယာဉ်ခရီးဖြင့် ရန်ကုန်မြို့မှ ဟဲဟိုးမြို့သို့ ရောက်ရှိခဲ့ကြသည်။ ဟဲဟိုးလေဆိပ်ကို ခြေချလိုက်မိသည်နှင့် အေးမြလတ်ဆတ်သော တောင်ပေါ်လေကြောင့် အားလုံး၏ စိတ်နှလုံးတို့ ချမ်းမြေ့လန်းဆန်းသွားရသည်။

ရှမ်းပြည်နယ် ရှုခင်းအလှများကို မျက်ဝါးထင်ထင် တွေ့မြင်ရပြန်တော့ နိုင်ငံခြားသားဧည့်သည်များ၏ စိတ်အစဉ်မှာ မည်သို့ခံစားရမည် မသိနိုင်သော်လည်း ကျွန်မကတော့ မြန်မာ့မြေပေါ်ဝယ် ယခုကဲ့သို့ ချစ်စရာလှပပါသော မြန်မာရှုခင်းများနှင့်အတူ မြန်မာဖြစ်ရခြင်းကိုပင် ဂုဏ်ယူနေခဲ့မိပြန်သည်။

ကျွန်မတို့ မြန်မာနိုင်ငံအတွင်းဝယ် ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ ဗမာ၊ ရခိုင် စသဖြင့် လူမျိုးစုများ စုစည်းနေထိုင်ကြသလို ရှမ်းပြည်နယ် အတွင်းမှာလည်း ရှမ်းလူမျိုးများသာမက ဂုံ၊ ယွန်း၊ အင်းသား၊ ယင်းကြား၊ ယင်းနက်၊ ပအိုဝ်း၊ ပလောင်၊ တောင်ရိုး၊ ပဒေါင်း၊ ပဒူး၊ လီဆူး၊ တိယန်၊ ကိုးကန့်၊



တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံတွင် ရန်ကုန်မြို့မှ မျက်စိအထူးကု ဆရာဝန်ကြီးများ ခွဲစိတ်ရန် စောင့်ဆိုင်းနေသူများအား စစ်ဆေးကြည့်ရှုကြစဉ်။

လားဟူ၊ မြောင်ဇီး၊ လွယ်လ၊ 'ဝ'စသဖြင့် လူဦးရေ ၃၅ သိန်းခန့် နေထိုင်ကြပြီး စိုပြည်စိမ်းလန်းနေသည့် ရှမ်းပြည်နယ်ကြီးကို ပြည်ထောင်စုကြီး၏ ထမင်းအိုးတစ်လုံးဟူ၍ပင် တင်စားခေါ်ဝေါ်ခဲ့ကြသည်။ ရှမ်းလည်းမြန်မာ၊ မြန်မာလည်းရှမ်း လက်တွဲ မဖြုတ်စတမ်း ဆိုသလိုပင် ပြည်ထောင်စုရောင်ခြည်များ ပြည့်လျှမ်းနေသည့် ပင်လုံအောင်မြေစခန်းရှိရာဌာနေ၊ ညီညွတ်မှုပြယုဂ်များ အရင်းတည်ခဲ့ရာ မြေလည်းဖြစ်ပေသည်။

ယခုကဲ့သို့ ပန်းချယ်ရီလမ်း ထင်းရှူးတန်းများဖြင့် ရှမ်းရိုးမတောင်တန်းကြီးတွေက ဝင့်ကြွားခံ့ထည်နေသလို ဂျပန်နိုင်ငံမှာလည်း ဖူဂျီယာမတောင်ကိုနောက်ခံထားလို့ ပန်းချယ်ရီများက လှပဝေဆာ သင်းပျံ့နေမှာပါပဲရယ်လို့ နှိုင်းယှဉ်ခံစားနေမိပြန်သည်။ တကယ်တော့လည်း လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ နိုင်ငံ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အသားအရောင်တွေ၊ ဘာသာအယူဝါဒတွေ၊ ခံယူချက်ခလေ့ထုံးစံတွေ၊ ယဉ်ကျေးမှုတွေ၊ ရုပ်ဝတ္ထုတိုးတက်မှုတွေ မည်သို့ပင် ကွဲပြားခြားနားနေပါစေ ရင်ထဲမှာ နှလုံးသားရှိကြတာချင်း တူညီနေကြသည်မို့ ဖြူစင်သည့် မေတ္တာတရား၊ ကရုဏာ၊ မုဒိတာတရား၊ လူလူချင်း ညှာတာထောက်ထားမှု၊ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီမှု ဆိုတာတွေကတော့ ထပ်တူထပ်မျှ ဖြစ်တည်နေကြမှာပင် ဖြစ်သည်။

ထို့အတူပင် မြန်မာနိုင်ငံသို့ ခြောက်လတစ်ကြိမ်လာရောက်ပြီး မျက်စိအလင်းအလှူနှင့် ခွဲစိတ်ကုသလှူဒါန်းမှုများ ပြုလုပ်နေသည့် ဂျပန်နိုင်ငံမှ ဒေါက်တာဖူဂျီတာယိုရှိဖူမိ ခေါင်းဆောင်သည့် အဖွဲ့ဆိုလျှင် တစ်ခေါက်ထက်တစ်ခေါက်၊တစ်နှစ်ထက်တစ်နှစ် ကျွန်မတို့ မြန်မာမျက်စိဆရာဝန်များနှင့် မြန်မာပြည်သူများ အကြားဝယ် တစ်သားတည်းဖြစ်နေခဲ့ကြပြီ ဖြစ်သည်။

ဒေါက်တာဖူဂျီတာနှင့် အဖွဲ့သည် ၁၉၉၉ခုနှစ် ဖေဖော်ဝါရီလမှ စတင်ပြီး မြန်မာနိုင်ငံသို့ Phacoemulsification ဟုခေါ်သော နောက်ဆုံးပေါ် အသံလွှန်လှိုင်းဖြင့် အတွင်းတိမ်ခွဲစိတ်မှုအတွက် လာရောက်ခဲ့ကြသည်မှာ ယနေ့ဆိုလျှင်(၁၆)ကြိမ်မြောက် ရှိခဲ့ပြီဖြစ်သည်။ ခွဲစိတ်ကုသမှုအတွက် လိုအပ်သည့် စက်ပစ္စည်းကိရိယာများ၊ နောက်ဆုံးပေါ် ခေါက်ချိုး၍ထည့်ရသော မျက်တွင်းမှန်များ၊ မျက်စဉ်းဆေးဝါးများကို ဂျပန်နိုင်ငံမှ တစ်ပါတည်း သယ်ဆောင်လာပြီး အခမဲ့ခွဲစိတ်လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။ ဤသို့ဖြင့် မြန်မာနိုင်ငံ မျက်စိဆရာဝန်များနှင့် Knowledge Exchange ဟု ခေါ်နိုင်သော နောက်ဆုံးပေါ် မျက်စိရောဂါပညာ ကုထုံးအတွေ့အကြုံများစွာ ဖလှယ်နိုင်ခဲ့ကြပြီး မျက်စိရောဂါပညာ၏ ခေတ်မီတိုးတက်မှုများကို နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရန် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြသည်။

အမှန်တကယ်လည်း ဒေါက်တာဖူဂျီတာနှင့်အဖွဲ့၏ မြန်မာပြည်သူတို့အပေါ် ထားရှိသော စေတနာ၊ မေတ္တာတို့မှာ တုနှိုင်း၍မရနိုင်ခဲ့ပေ။ ယင်းသည်ပင် ဂျပန်၊ မြန်မာတို့၏ "မေတ္တာပေါင်းကူးတံတား"ဟု တင်စား ရလေမလား။

"အလင်းရောင်"ဟူသည် လူတိုင်းမျှော်လင့် တောင့်တနေသော အရာတစ်ခုပင်။ လူသားတိုင်းစက္ခုအာရုံ မျက်လုံးအစုံ၏ အလင်းဓာတ်ကို ရာနှုန်းပြည့် ရယူပိုင်ဆိုင်လိုကြပေသည်။ မည်သည့်နိုင်ငံ၊ မည်သည့်ဒေသတွင်မဆို မျက်စိအတွင်းတိမ်၊ ရေတိမ်စသည့် အလင်းရောင် ကွယ်စေနိုင်သော ရောဂါများကြောင့် အမှောင်လမ်းဝယ် စမ်းတဝါးဝါးဖြင့် ဘဝရေတိမ်နစ်ကြရသူများမှာ ရှိနေကြမည်သာဖြစ်သည်။ ကျွန်မတို့ မျက်စိဆရာဝန်တိုင်း ရယူလိုသောဆု၊ တူညီသည့် တစ်ခုတည်းသော ဆန္ဒမှာ မိမိတို့ ခွဲစိတ်ကုသပေးသည့်လူနာကို ရာနှုန်းပြည့် မြင်စေလိုခြင်းပင်ဖြစ်သည်။ အလင်းသစ်တို့ကို ဆောင်ကြဉ်းပေးခြင်းဖြင့် **"ဘဝသစ်တစ်ခု"** ဆီသို့ ပို့ဆောင်ပေးနိုင်သည့် မြင့်မြတ်သော စိတ်ထားပိုင်ရှင်များ ပူးပေါင်းဆက်နွှယ်မိကြခြင်းပင် ဖြစ်သည်။

အတွင်းတိမ်ရောဂါဟူသည် မျက်စိကွယ်စေနိုင်သော ရောဂါများတွင် ထိပ်ဆုံးမှ နေရာယူနေပေသည်။ အတွင်းတိမ်ကို ခွဲစိတ်ကုသခြင်းဖြင့်သာ အမြင်အာရုံ ရာနှုန်းပြည့် ပြန်လည်ရယူနိုင်မည်ဖြစ်သဖြင့် ယခုကဲ့သို့ ပြည်သူလူထုရှိရာသို့ မျက်စိဆရာဝန်များက ကွင်းဆင်းကုသမှု ပေးကြခြင်းဖြင့် အတွင်းတိမ်ကြောင့် အမြင်အာရုံဆုံးရှုံးနေသူများ လျော့နည်းပပျောက်စေနိုင်သလို နိုင်ငံတော်၏လုပ်အားများကိုလည်း မြင့်မားတိုးတက်လာစေမည်ဖြစ်ရာ တစ်ဖက်မှာလည်း ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များကိုပါ အကောင်အထည်ဖော်ပြီး ဖြစ်ပေလိမ့်မည်။




**Dr. Horio Naoichi က လှူဒါန်းပစ္စည်းများပေးအပ်ရာ ဝန်ကြီး ဒေါက်တာကျော်မြင့်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။**

ဤသို့ဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များကို စောင့်ရှောက်မှုပေးရန် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးသို့ ရောက်ရှိ ခဲ့ကြခြင်းဖြစ်ပေသည်။ နိုဝင်ဘာ ၄ရက်၊ ၅ရက်နေ့များတွင် ဂျပန်နိုင်ငံ ဖူဂျီတာကျန်းမာရေးတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ Dr. Horio Naoichi ဦးဆောင်သည့် ဂျပန်မျက်စိအထူးကုအဖွဲ့၊ ရန်ကုန်မြို့မှ ပါမောက္ခ မျက်စိအထူးကုဆရာဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာသန်းအောင်၊ ဒေါက်တာ မြအောင်၊ ဒေါက်တာဒေါ်မြင့်ခိုင်၊ ဒေါက်တာတင်ဝင်း၊ ဒေါက်တာအောင်မြတ်စိုးတို့ ဦးဆောင်သည့် မြန်မာနိုင်ငံ မျက်စိဆရာဝန် ၂၃ဦးနှင့် အတူ ပြည်နယ်မျက်စိ ဆရာဝန်ကြီး ဒေါက်တာ စန္ဒာသိန်း၊ ဒေါက်တာ မြတ်အေးတို့၏ ပံ့ပိုးကူညီမှုဖြင့် လူနာပေါင်း၁၉၂၀ ကို စမ်းသပ်စစ်ဆေးကုသမှုပေးခဲ့ကြသည်။ အတွင်းတိမ် လူနာ ၂၀၈ဦးကို တိမ်ခွဲမှန်ထည့်ပေးခဲ့ကြပြီး အသေးစား ခွဲစိတ်မှုပေါင်း ၅၈ဦးကို ကုသမှုပေးနိုင်ခဲ့ကြသည်။

အင်းလေး၊ ရွှေညောင်၊ ညောင်ရွှေ၊ မိုင်းရှူး၊ ဟဲဟိုး၊ မောက်မယ်၊ မိုင်းပန်၊ ကလော၊ မိုင်းကိုင်၊ဆီဆိုင်၊ လဲချား၊ပင်လောင်း၊ ပင်းတယ၊ လွိုင်လင်၊ လွိုင်ကော်၊ ဘန်းယဉ်စသည်တို့မှ လာရောက်ခဲ့ကြ၍ အလင်းသစ်ကို ရရှိခဲ့ပြီဖြစ်သည့် စိတ်ထားဖြူစင် ရိုးသားလှသည့် ရှမ်းတိုင်းရင်းသားတို့၏ ပကတိ ပီတိမျက်နှာများ၊ တာဝန်ရှိသူလူကြီးများ၏ လှိုက်လှဲပျူငှာမှု များစွာတို့ကို ကျွန်မအနေဖြင့် မည်ကဲ့သို့ စာပန်းချီ ခြယ်မှုန်းရမည် မသိနိုင်တော့ပေ။

အဆိုပါပွဲကို ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ကျန်းမာရေး ဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် တာဝန် ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် ပါမောက္ခ အာဒစ်ယီဘိုရို၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် မစ္စတာဒင်နရယ်ဘေကာတို့က လည်း မျက်စိလူနာများကို စမ်းသပ်စစ်ဆေးပေးနေပုံများ၊ ခွဲစိတ်ကုသပေးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြပြီး ခွဲစိတ်ပြီး လူနာများကို တွေ့ဆုံအားပေးခဲ့ကြသည်။

ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းခမ်းလှိုင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်စိုး၊ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာတင့်ဝေ၊ ပြည်နယ် AIDS အဖွဲ့ခေါင်းဆောင် ဒေါက်တာဉာဏ်ထွန်းနှင့် အထူးကု ဆရာဝန်ကြီးများကလည်း အစစအရာရာ လိုလေသေးမရှိအောင် အစွမ်းကုန် ပံ့ပိုးကူညီခဲ့ကြသည်။ နိုဝင်ဘာ ၅ရက် ညနေပိုင်းတွင် မျက်စိကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် အသုံးပြုမည့် ပစ္စည်းများ လှူဒါန်းပွဲနှင့် (၆)ကြိမ်မြောက် မြန်မာ-ဂျပန် မျက်စိ ဆရာဝန်များညီလာခံကို တောင်ကြီးမြို့ စဝ်စံထွန်း ဆေးရုံတွင် ကျင်းပခဲ့သည်။ လှူဒါန်းသည့် ဆေးဝါး ပစ္စည်းများကို ဂျပန်နိုင်ငံမှ ဒေါက်တာ Horio Naoichi က လှူဒါန်းခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က လက်ခံရယူခဲ့ပြီး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ဆက်လက်၍ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက လက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်ခဲ့သည်။ ထို့နောက် ဂျပန်နိုင်ငံမှ မျက်စိ ဆရာဝန်ကြီးများဖြစ်ကြသော ဒေါက်တာ ဟိုရီအိုနာအိုအိချိ၊ ဒေါက်တာ အုအဲနိ၊ ဒေါက်တာ ယာမာဆာကီတို့နှင့် Alcon ကုမ္ပဏီမှ မစ္စမိဆာကို၊ Otsuka ဆေးကုမ္ပဏီမှ မစ္စတာရှိချိဂျိုတို့က အသီးသီး စာတမ်းများ ဖတ်ကြားခဲ့ကြသည်။

ယင်းစာတမ်းများအနက် Dr. Horio ၏ စာတမ်းမှာ Vitrectomy ဟုခေါ်သော မျက်နှစ်(မျက်ကွင်းရည်ကြည်)ကို ဖြတ်တောက်ကုသမှုနှင့် ပတ်သက်၍ နောက်ဆုံးပေါ် မှန်ဘီလူးကို အသုံးပြုခြင်းအကြောင်း ဖြစ်ပေသည်။ ယခုအခါ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာမှာပင် ဆီးချိုရောဂါဖြစ်ပွားနှုန်းမှာ အရှိန်အဟုန်မြင့်မားနေသလို ဆီးချိုရောဂါကြောင့် မျက်စိအမြင်အာရုံခံလွှာ ပျက်စီးယိုယွင်းသူများ များပြားလှသည်ကို တွေ့နေရပေသည်။ ပြင်းထန်သည့် ဆီးချိုရောဂါကြောင့် မျက်စိနောက်ခန်း၊ မျက်နှစ် သွေးကြောပေါက်ခြင်း၊ မြင်လွှာကွာခြင်းတို့ ဖြစ်လာပြီဆိုလျှင် အမြင်အာရုံကို ပြင်းထန်စွာ ထိခိုက်စေသည့်အတွက် ကုသမှုပေးရတော့မည်ဖြစ်သည်။ ဆီးချိုရောဂါကြောင့် မျက်စိတွင်အမြင်အာရုံခံလွှာထိခိုက်မှုဖြစ်လာလျှင် လေဆာရောင်ခြည်ဖြင့် ကုသမှုပေးနိုင်ရန်လည်းကောင်း၊ လေဆာရောင်ခြည်ဖြင့် မကုသမီ မြင်လွှာကို ရှင်းလင်းစွာ မြင်တွေ့နိုင်ရန် အဆိုပါ Vitrectomy ဟုခေါ်သောကုသမှုကို မဖြစ်မနေ ပေးရမည်ဖြစ်ရာ Dr. Horio ၏ စာတမ်းသည် မျက်စိ ဆရာဝန်များအတွက် များစွာအကျိုးရှိလှပေတော့သည်။

ဤသို့ဖြင့် နိုဝင်ဘာလ ၅ ရက် ညနေ ၆ နာရီခွဲ အချိန်တွင်ကား အခမ်းအနားအောင်မြင်စွာ ပြီးစီးခဲ့ရသလို ကျွန်မတို့၏ အလင်းအလှူပွဲကြီး ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲနိုင်ခဲ့ပြီ ဖြစ်ပေသည်။

**"အလင်း"** ဆိုသည့် စကားလုံးလေးကို ထပ်တစ်လဲလဲ ပုံဖော်ခံစားနေမိပြန်သည်။ လင်းလက်ဝေဖြာနေသော အလင်းလှိုင်းများအောက်ဝယ် စက္ခုအလင်းတို့ကို ဖော်ဆောင်ဖန်ဆင်းပေးသူ ဂျပန်-မြန်မာ မျက်စိဆရာဝန်များ၊ ထိုအလင်းအလှူပွဲကြီး ဖြစ်မြောက် အောင်မြင်စေဖို့ အဘက်ဘက်မှ ကူညီပံ့ပိုးပေးခဲ့ကြသူများကို အလင်းစေတမန်များအဖြစ် မြင်ယောင်လာမိသည်။

သဘာဝတရားကြီး၏အပြစ်ကင်းသည့်အလင်းဓာတ်အောက်ဝယ် အလင်းပေးသူနှင့် အလင်းရခဲ့သူများ၏ အောင်ပွဲကတော့ ဘဝင်သို့ညံအောင် ခြိမ့်ခြိမ့်သဲသဲအောင်မြင်ခဲ့ပြီဖြစ်ရာ နောက်နောင်များတွင်လည်း ဂျပန်-မြန်မာ ချစ်ကြည်ရေးလုပ်ငန်းများကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေကြောင်းဆုမွန်ကောင်းတောင်းရင်းဖြင့် ပြည်သူလူထု၏ မျက်စိကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် အစဉ်အမြဲပါဝင်ဆောင်ရွက်သွားပါမည်ဟု သန္နိဋ္ဌာန်ပြုလိုက်ရပေတော့သည်။ ။

17-11 (10) 1 11/17/06, 2:02 PM

# တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြံခိုင်ဖွံ့ဖြိုးရေးအသင်း အဆိုပြုလွှာပေးအပ်ပွဲတက်ရောက် ဝါရှောင်ဆည် ရေစီးဝင်မှုနှင့်ကြံ့ခိုင်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၆

**ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၁၃ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့မှ ဝိုင်းမော်၊ ဝါရှောင်၊ မန်ဝိုင်း၊ ဆိုင်လော်၊ ဆဒုံးလမ်းအတိုင်း ထွက်ခွာလာရာ ဆဒုံးမြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း၊ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံနှင့် မြို့နယ်ပြည်သူ့ဆေးရုံတို့သို့ ရောက်ရှိစစ်ဆေးပြီး ဆဒုံးမြို့ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ကျင်းပသော ဆဒုံးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က အမှာစကားအသီးသီးပြောကြားကြသည်။**

## ကြည့်ရှုစစ်ဆေး

ယင်းနောက် တာဝန်ရှိသူများက အသင်းဝင်အဆိုပြုလွှာ ၅၆၁ စောင် ပေးအပ်ရာ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရဝမ်ဂျုံးကလက်ခံပြီး တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီးတို့က အသင်းသားများအတွက် ဝတ်စုံများ၊ ဆေးဝါးများနှင့် အလှူငွေများ ပေးအပ်ကြသည်။ ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဆဒုံးမြို့ စည်ပင်သာယာဈေးကို ကြည့်ရှုစစ်ဆေးသည်။

## သတ်မှတ်ချိန်ပြီးစီးရေးမှာကြား

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် ဆဒုံးမြို့မှ မြစ်ကြီးနားသို့ အသစ်ဖောက်လုပ်နေသည့် ဆဒုံးမှ ဝါရှောင်အထိ ၃၁မိုင် အရှည်ရှိသော ကန်ပိုက်တီး-လဂျားယာန်-ဝါရှောင်-ဝိုင်းမော်-မြစ်ကြီးနား လမ်းတစ်လျှောက် လမ်းဖောက်လုပ်နေမှု၊ နမ့်မလိချောင်းတံတား တည်ဆောက်ပြီးစီးမှုနှင့် နမ့်မြစ်ခတံတားတည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်းတံတားများ သတ်မှတ်ချိန်အတွင်း ပြီးစီးရေး မှာကြားကြသည်။

ယင်းနောက် တိုင်းမှူး၊ ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့် အဖွဲ့သည် ဝါရှောင်ဆည်သို့ရောက်ရှိပြီး ဆည်၏ ရေစီးဝင်မှု၊ ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဗဟိုအတွင်းရေးမှူးဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိသူများ လိုက်ပါလျက် မြစ်ကြီးနားမြို့မှ တနိုင်းမြို့သို့ ထွက်ခွာကြရာ ဟူကောင်းလွင်ပြင်၌ မြေရိုင်းများဖော်ထုတ်၍ စိုက်ပျိုးထားရှိသော အောင်မြင်ဖြစ်ထွန်းနေသည့် စပါးခင်းများ၊ ယုဇနကုမ္ပဏီလီမိတက်က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် တနိုင်းမြို့နယ် နမ်းဖြတ်ကျေးရွာအနီးရှိ ကြံ့ကေ နှစ်သိန်း စိုက်ပျိုးရန် မြေယာဖော်ထုတ်နေသည့် လုပ်ငန်းခွင်သို့ ကြည့်ရှုစစ်ဆေးရာ စီမံကိန်းမန်နေဂျာက စိုက်ပျိုးမြေယာ ဖော်ထုတ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်ချက်များ မှာကြားပြီး ယန္တရားများနှင့် မြေယာဖော်ထုတ်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပန်းနက်ရွာရှိ Jade Land Co., Ltd. ၏ ဟူကောင်းတနိုင်း လွင်ပြင် ကြံ့ကေနှစ်သိန်း စိုက်ပျိုးမြေ ဖော်ထုတ်သည့် လုပ်ငန်းခွင်သို့ ရောက်ရှိရာ ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးယွပ်ဇော်ခေါင်က နှစ်အလိုက် ဖော်ထုတ်စိုက်ပျိုးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

## ဆက်ကပ်လောင်းလှူ

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် မြစ်ကြီးနားမြို့၌ နိုဝင်ဘာ၁၄ရက် နံနက်ပိုင်းတွင် ကျင်းပသော ဝိနယသဒ္ဓမ္မပါလ စာအောင်သံဃာဆုနှင်းသဘင်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားသို့ တက်ရောက်၍ စာအောင်သံဃာ ၄၅၁ ပါးတို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဝန်းသိုကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသီလဝံသထံမှ တရားနာယူပြီး ဆွမ်းဆန်စိမ်းများ ဆက်ကပ် လောင်းလှူကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ရန်ကုန်မြို့ ကြည့်မြင်တိုင် ရတနာပုံလမ်း အမှတ် (၈၇) နေ ဦးကျော်ဟိုး-ဒေါ်သင်းရီ (မိဘမေတ္တာ ဆေးဆိုင်)နှင့် ကိုတင်အေး-မလွင်လွင်မာ၊ကိုကျော်လွင်ဦး-မဥမ္မာအောင်၊ ကိုအောင်ကျော်ဖေယျ-မအေးသင်းသင်းစိုး၊ မတင်တင်မွန်း၊ သားသမီးမြေး တစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်နှစ်သိန်းကို တိပိဋကရေဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်း ဟောင်း) နောက်ကျောဘက် ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ကွယ်လွန်သူနှစ်ဖက်သော မိဘများအား ရည်စူး၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဖဆပလ ရပ်ကွက် တိုက်(၄၈) အခန်း(၂) နေ ဦးအောင်ကြည်-ဒေါ်ကြည်ကြည်ဆင့်နှင့် သားသမီးမြေးတစ်စုက အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝိနယ(ဝံသမေဒနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

# အထက(၁)ကြည့်မြင်တိုင် စုပေါင်းအာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁၆

**ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း (ယခင်အေဘီအမ် ကြည့်မြင်တိုင် မိန်းကလေးအထက်တန်းကျောင်း)၏ တတိယအကြိမ် စုပေါင်းအာစရိယပူဇော်ပွဲကို နိုဝင်ဘာ၂၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း မြဝတ်ရည်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။**

**စုပေါင်း အာစရိယပူဇော်ပွဲသို့ အပူဇော်ခံဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် အထက(၁)ကြည့်မြင်တိုင် ဖုန်း-၂၂၀၃၆၂၊ ဒေါ်စွမ် ဖုန်း- ၂၂၃၃၂၅၊ ဒေါ်ခင်တီတီ ဖုန်း-၅၁၂၆၆၇၊ ဒေါ်ကြူကြူမြင့် ဖုန်း- ၅၃၄၇၄၇နှင့် ဒေါ်ဝင်းဝင်းမေ ဖုန်း-၇၂၁၇၀၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ဖိတ်ကြားနိုးဆော်ထားသည်။** (မြန်မာ့အလင်း)

# သွေးဆေးကန် အရှင်နန္ဒာစရိယ တရားစခန်းပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ သွေးဆေးကန် အရှင်နန္ဒာစရိယ (ခက်သင်) သာသနဓဇ ဓမ္မာစရိယ ဂဏဝါစက ဓမ္မာစရိယသည် နိုဝင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ သိမ်ကုန်းကျောင်း (၁၂) ရပ်ကွက် ဖျာပုံမြို့၌လည်းကောင်း၊ ဒီဇင်ဘာ ၂၁ ရက်မှ ၂၇ ရက်အထိ အဖွဲ့ခွဲအမှတ်(၂၀၆) ဂွမြို့ ရခိုင်ပြည်နယ်၌လည်းကောင်း၊ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ၁၃ ရက်အထိ ဇွေ့တန်းရှည်ရွာ ထန်းတပင်မြို့နယ်၌ လည်းကောင်း၊ ဇန်နဝါရီ ၂၆ရက်မှ ဖေဖော်ဝါရီ ၂ရက်အထိ မွေတော်ကျေးရွာ မြောင်းမြမြို့နယ်၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၆ ရက်မှ ၁၂ ရက်အထိ ရေကျော်ကျေးရွာ ဟိုင်းကြီးကျွန်း၌ လည်းကောင်း၊ ၂၁ ရက်မှ ၂၇ ရက်အထိ မြကိုင်းကျေးရွာ ကျောက်တန်းမြို့၌လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဉပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

**(က-ပ)**

# ရွှေမိုးသည်းဇာတ်ကားသစ် ရုံငါးရုံအပြိုင်တင် မိုက်တီးလေးများဇာတ်သိမ်းပိုင်း ဆက်လက်ပြသ

**ရုပ်ရှင်သတင်းထောက်**

**ရန်ကုန် နိုဝင်ဘာ ၁၆**

အကြည်တော်၏ ဝတ္ထုဇာတ်ညွှန်းကိုလူငယ်ဒါရိုက်တာဇာတ်ပုံအဏ်ထော်ဇာ ရိုက်ကူးသည့် **ရွှေမိုးသည်း** ဇာတ်ကားသစ် မန္တလေးနှင့် ရန်ကုန် ရုံငါးရုံတွင် တစ်ပြိုင်တည်း ရုံဝင်လာသည်။

မန္တလေးတွင် ဝင်းလိုက်နှင့်မြို့မ၊ ရန်ကုန်တွင် သမ္မတ၊ သွင်နှင့် မင်္ဂလာ အဆင့်မြင့်ရုံငါးရုံတွင် အပြိုင် ပြသလျက်ရှိသည်။

ဇာတ်လမ်းမှာ သွေးကင်ဆာဖြင့် လူ့ဘဝမှ အပြီးအပိုင် ထွက်ခွာသွားရတော့မည့် တက္ကသိုလ်ကျောင်းသူ မိန်းမပျိုလေးတစ်ဦး၏ ကျန်ရှိနေသေးသော ဘဝ အစိတ်အပိုင်းကို ကျန်ရစ်သူများ ဝမ်းနည်းပူဆွေးမှု သောကဗျာပါဒများ ကင်းဝေးစေရန် ပျော်ပျော်ရွှင်ရွှင်နေထိုင်သွားပုံကို ဇာတ်လမ်းဆင် ရိုက်ကူးထားသော မေတ္တာဘွဲ့ ဟာသဇာတ်ကားဖြစ်သည်။

ရှေ့ဆောင်ရုံတွင် **မိုက်တီးလေးများ ဇာတ်သိမ်းပိုင်း** ဆက်လက်ပြသနေပြီး နေပြည်တော်ရုံတွင် Mission Impossible 3 တင်ဆက်လျက်ရှိသည်။

ရွှေဂုန်ရုံအပေါ်ထပ်တွင် Die Hard အက်ရှင်ဇာတ်ကား ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် ဘရုစ်ဝီလီ အထူးပါဝင် သရုပ်ဆောင်ထားသည်။ ရွှေဂုန်ရုံမြေညီထပ်၌ အိန္ဒိယနာမည်ကြီးမင်းသား အမီတာဘာဂျန်း ခေါင်းဆောင်ပါဝင်ထားသော Hum Ki Sise Kum Nahin ဇာတ်ကား ရုံဝင်လာသည်။ ဒါရိုက်တာ ဒေးဗစ်ဒါဝမ်၏ အကောင်းဆုံး ဖိုက်တင်အက်ရှင် ဇာတ်ကားဖြစ်သည်။

တန်းမြင့် မြို့မရုံတွင် စွမ်းအားရှင်မွေ့ဇာတ်ကား Jaani Dushman ရုံဝင်လာသည်။ မြွေဘဝက ချစ်သူ၏ တုံ့ပြန်ကလဲ့စားကို သည်းထိတ်ရင်ဖိုကြည့်ကြရမည့် ဇာတ်ကားဖြစ်သည်။



ဆုထူးပန်ရုံတွင် ချစ်စိတ်အားမာန် အမည်ရ Krodh ဇာတ်ကားရုံဝင်လာသည်။ အိန္ဒိယဗန်ဒိန်းမင်းသားနှင့် မိန်းမချောလေးများ၏ အက၊ အလှ၊ တေးဂီတနှင့် ဖိုက်တင်ခန်းများ မလွတ်တမ်းကြည့်ရမည့် ဇာတ်ကားဖြစ်သည်။

ဘုရင့်ရုံတွင် ပျော်ရွှင်ခြင်းအမည်ရ Khushi ဇာတ်ကား ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် မင်းသမီးချောကရီနားကပူးရ်၏ အက၊အလှ၊သဘာဝများကို ရှုစားကြရမည်ဖြစ်သည်။

## အဆင့်မြင့်ဗီဒီယိုဇာတ်ကားများ

ဒါရိုက်တာဟိန်းစိုး ရိုက်ကူးသည့် **ယောက်မရေသူငယ်ချင်း** အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကား နဝဒေးရုံတွင် ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် ကျော်သူ၊ ရန်အောင်၊ နေတိုး၊ မို့မို့မြင့်အောင်၊ မေသန်းနုနှင့် စိုးမြတ်သူဇာတို့ ခေါင်းဆောင်ပါဝင်ထားသည်။ အိမ်ထောင်ရေးပညာပေးဇာတ်ကားဖြစ်သည်။

ဒါရိုက်တာဝင်းထွန်းထွန်း ရိုက်ကူးသည့် **ပွဲတင်သည့်ကံ** အဆင့်မြင့်ဗီဒီယိုဇာတ်ကားမှာ မဟာမြိုင်ရုံတွင် ရုံဝင်လာသည်။ မိထွေးနှင့် လင်ပါသားတို့၏ ပဋိပက္ခကို နေတိုးနှင့် စိုးမြတ်သူဇာတို့က သဘာဝကျကျ ဖော်ကျူးထားသော အိမ်ထောင်ရေးပညာပေး ဇာတ်ကားဖြစ်သည်။ ။

**(မြန်မာ့အလင်း)**

**ရွှေမိုးသည်းမှ ရန်အောင်နှင့် စိုးမြတ်နန္ဒာ**



**ပွဲတင်သည့်ကံမှ နေတိုးနှင့် ခိုင်သင်းကြည်**

# မြောက်ဥက္ကလာအမက(၁၃) အာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် အမက(၁၃) ကျောင်း၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အလက(၈)ကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ပညာသင်နှစ် ၁၉၆၁-၁၉၈၁ခုနှစ် အတွင်း ပညာသင်ကြားပေးခဲ့သော ဆရာ၊ဆရာမကြီးများနှင့် ကျောင်းသား၊ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အာစရိယပူဇော်ပွဲအတွက် လှူဒါန်းလိုပါက ဒေါ်ဌေးဌေးဝင်း (အလက-၈) ဖုန်း-၆၉၉၂၇၉၊ကိုထိန်ဝင်း ဖုန်း-၆၉၉၈၁၄၊ ကိုထင်ကျော် ဖုန်း-၆၉၉၂၅၈ နှင့် ကိုသောင်းတင် ဖုန်း-၆၉၉၂၄၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# ကမ္ဘာတစ်လွှား အားကစား

## နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲများ ကစား နယ်သာလန်နှင့်အင်္ဂလန်သရေကျ၊ ဘရာဇီးတို့နိုင်ပွဲရ

**စုစည်းရေးသားသူ မောင်မောင်မြင့်ဆွေ**

လန်ဒန် နိုဝင်ဘာ ၁၆

**နိုင်ငံတကာဘောလုံးအသင်းများ ချစ်ကြည်ရေးပွဲစဉ်များကစားလျက်ရှိရာ နိုဝင်ဘာ ၁၅ရက်က ယှဉ်ပြိုင်ကစားခဲ့သော ချစ်ကြည်ရေးဘောလုံးပွဲစဉ်များတွင် နယ်သာလန်နှင့်အင်္ဂလန်တို့သရေပွဲဖြစ်ပြီး ဆွစ်ဇာလန်နှင့်ဘရာဇီးတို့ပွဲတွင် ဘရာဇီးက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ပြင်သစ်နှင့်ဂရိတို့ပွဲတွင် ပြင်သစ်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။**

### နယ်သာလန်နှင့်အင်္ဂလန်

နယ်သာလန်နှင့်အင်္ဂလန်တို့နှစ်သင်းစလုံး သေသေချာချာ ပြင်ဆင် ကစားခဲ့ကြခြင်းဖြစ်သည်။ အင်္ဂလန် အသင်းကို နည်းပြမက်ကလာရင်က ၄-၄-၂ ပုံစံဖြင့် ကစားစေပြီး တိုက်စစ်တွင် ရွှန်နေနှင့် အင်ဒရူးဂျွန်ဆင်တို့ကို ထားကာ ကွင်းလယ်တွင် လမ်းပတ်၊ ဂျရတ်၊ ဂျိုကိုးလ်နှင့် မိုက်ကယ်ကာရစ်တို့နှင့် စွမ်းအားပြည့်ခင်းကျင်းပြီး နောက်တန်းတွင် ဂျွန်တယ်ရီ၊ ရစ်ချက်၊ ဖာဒီနန်နှင့် အက်ရှ်လေကိုးတို့ဖြင့် အထိုင်ချထားကာ ဂိုးသမားအဖြစ် ပေါလ်ရော်ဘင်ဆင်ကို တာဝန်ယူစေခဲ့သည်။



**နယ်သာလန်နှင့်အင်္ဂလန်တို့ပွဲတွင် နယ်သာလန်မှ လန်ဇက်** (အလယ်) **ထိုးဖောက်ကစားမှုကို အင်္ဂလန်မှ ဂျရတ်** (ဝဲ) **က လိုက်လံ ဟန့်တားရန် ကြိုးစားစဉ်။** (ဓာတ်ပုံ-အင်တာနက်)

နယ်သာလန် အသင်းကလည်း တိုက်စစ်တွင် အာဂျန်ရော့ဘင်နှင့် ဒတ်ကွတ်တို့ တိုက်စစ်အတွဲဖြင့် ပွဲထုတ်ခဲ့သည်။ ပွဲအစတွင် နှစ်သင်းစလုံး ထိန်းကစားခဲ့ပြီး အင်္ဂလန်အသင်း တိုက်စစ်မှူးများဖြစ်သည့် ရွှန်နေနှင့် ဂျွန်ဆင်တို့က နယ်သာလန်နောက်တန်းကို အဝင်အထွက်ရဲရဲဖြင့် ထိုးဖောက်ကစားခဲ့မှုကြောင့် ပွဲချိန်၃၇မိနစ်တွင် ရွှန်နေက အင်္ဂလန်အသင်းအတွက် အဖွင့်ဂိုး သွင်းယူနိုင်ခဲ့သည်။

နယ်သာလန်အသင်းသည် ချေပဂိုး ရရှိရေးအတွက် ဒုတိယပိုင်းတွင် ကစားအားတင်ခဲ့ရာ နယ်သာလန်ကွင်းလယ်မှ ဆီးဒေါ့ဖ်နှင့် ဗင်ဒါဗတ်တို့က တိုက်စစ်ကို အားဖြည့်ပေးနိုင်ခဲ့မှုကြောင့် အင်္ဂလန်နောက်တန်း ခံစစ်မှူးများက နယ်သာလန်တိုက်စစ်ကို ကြိုးစား ဟန့်တားခဲ့ရသည်။

**ဆွစ်ဇာလန်နှင့် ဘရာဇီးတို့ပွဲတွင် ဘရာဇီးမှ ရော်နယ်ဒင်ဟို၏ ထိုးဖောက်ကစားဟန်။** (ဓာတ်ပုံ-အင်တာနက်)



သို့သော် ပွဲချိန် ၈၆မိနစ်၌ နယ်သာလန် ကွင်းလယ်ကစားသမား ဗင်ဒါဗတ်က ချေပဂိုး သွင်းယူပေးနိုင်ခဲ့သဖြင့် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။ ယခုပွဲတွင် အင်္ဂလန်နောက်ခံလူ အက်ရှ်လေကိုး အဝါကတ် အပြခံခဲ့ရသည်ကလွဲ၍ အင်္ဂလန်တို့ အကောင်းဆုံး ကစားသွားနိုင်ခဲ့သည်။

### ဆွစ်ဇာလန်နှင့်ဘရာဇီး

ဆွစ်ဇာလန်နိုင်ငံ ဘာဆဲလ်မြို့တွင် နိုဝင်ဘာ၁၅ရက်က ကစားခဲ့သော ဆွစ်ဇာလန်နှင့် ဘရာဇီးတို့ပွဲတွင် ဘရာဇီးတို့က ကစားကွက်အသာစီးဖြင့် ကစားနိုင်ခဲ့သည်။ ဘရာဇီးနည်းပြသစ် ဒွန်ဂါ၏ငါးပွဲမြောက် နိုင်ငံတကာ ဘောလုံးပြိုင်ပွဲဖြစ်ပြီး ပွဲတိုင်းအနိုင်ရရှိခဲ့သည်။

ကမ္ဘာ့ဖလား ချန်ပီယံငါးကြိမ်ရ ဘရာဇီးအသင်းသည် ပထမပိုင်းပွဲချိန် အတွင်းမှာပင် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး နောက်ခံကစားသမား လူစီဆာနိုနှင့် ဘရာဇီးအသင်းခေါင်းဆောင် ကာကာတို့က တစ်ဂိုးစီ သွင်းယူနိုင်ခဲ့ကြသဖြင့် ပထမပိုင်းမှာပင် နှစ်ဂိုး ရရှိနေခဲ့သည်။ ဆွစ်ဇာလန်အတွက် ချေပဂိုးကို ဘရာဇီးနောက်ခံလူဗာရီကွန်က ဘောလုံးဖျက်ထုတ်ရင်း ဂိုးဝင်သွားသဖြင့် ဆွစ်ဇာလန်တို့ လက်ဆောင်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ဆွစ်ဇာလန်တို့ အနိုင်ဂိုးများရရှိနိုင်သည့် အခွင့်အရေး နှစ်ကြိမ်ကြုံတွေ့ခဲ့သော်လည်း ဘရာဇီးဂိုးသမား ကာကွယ်နိုင်ခဲ့မှုကြောင့် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

### ပြင်သစ်နှင့်ဂရိ

အိမ်ရှင် ပြင်သစ်တို့က စောစီးစွာ အဖွင့်ဂိုးသွင်းယူပြီး နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ပြင်သစ်အသင်းတွင် တိုက်စစ်၌ ဝီးလ်တော့၊ ဆာဟာနှင့် အွန်နရီတို့အတွဲကို သုံးပြီး အလယ်တန်း၌ ဗီအဲရာ၊ ဖလောရင့်၊ မက်ခီလီလီတို့ကိုထားကာ နောက်တန်း၌ အဘီဒယ်၊ ဆက်ဂနော၊ သူရမ်နှင့် ဂါးလက်စ်တို့အား ကစားစေခဲ့သဖြင့် ပွဲချိန် ၂၆ မိနစ်၌ အွန်နရီက အနိုင်ဂိုးသွင်းယူခဲ့သည်။ ဂရိတို့ ချေပဂိုးသွင်းယူနိုင်ရေး တိုက်စစ်မှူးများဖြစ်သည့် ဆာမာရက်စ်နှင့် အမာနာတီဒစ်တို့ ကြိုးစားသော်လည်း ဂိုးမသွင်းနိုင်ခဲ့သဖြင့် ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။

### အခြားပွဲရလဒ်များ

| | | |
|---|---|---|
| အိုင်ဗရီကို့စ် | ၁ - ၀ | ဆွီဒင် |
| မော်ရိုကို | ၆ - ၀ | ဂါဘွန် |
| ချက် | ၁ - ၁ | ဒိန်းမတ် |
| တူနီးရှား | ၂ - ၀ | လစ်ဗျား |
| စပိန် | ၀ - ၂ | ရိုမေးနီးယား |
| အီတလီ | ၁ - ၁ | တူရကီ |
| ဟန်ဂေရီ | ၁ - ၀ | ကနေဒါ |
| ဆားဘီးယား | ၁ - ၁ | နော်ဝေ |
| အီဂျစ် | ၁ - ၀ | တောင်အာဖရိက။ |

(အင်တာနက်)

## ယူရို ၂၀၀၈ ခြေစစ်ပွဲ ပေါ်တူဂီအနိုင်ရ ခရိုအေးရှားက အစ္စရေးကိုနိုင်ပြီး အုပ်စု၌ ဦးဆောင်

လန်ဒန် နိုဝင်ဘာ ၁၆

**ယူရို၂၀၀၈ခြေစစ်ပွဲ ပွဲစဉ်(၄)လက်ကျန်ပွဲများအဖြစ် မက်ဆီဒိုးနီးယားအသင်းနှင့် ရုရှားအသင်းတို့ နိုဝင်ဘာ ၁၅ရက်ညပိုင်းက ယှဉ်ပြိုင်ကစားရာတွင် ရုရှားအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။**



**ခရိုအေးရှားအသင်းမှ လူကာမိုဒရစ်** (ယာ) **နှင့် အစ္စရေးမှ ဝါလစ်ဘာဒီယာ တို့၏ ယှဉ်ပြိုင်ကစားမှုကို ဤသို့ တွေ့ရသည်။** (ဓာတ်ပုံ-အင်တာနက်)

မက်ဆီဒိုးနီးယားအသင်းနှင့် ရုရှားအသင်းတို့သည် ယူရို ၂၀၀၈ခြေစစ်ပွဲအုပ်စု(င)တွင် ပါဝင်ရာ ရုရှားအသင်းမှ ပထမဆုံးအုပ်စုအနိုင်ရခဲ့ခြင်းဖြစ်သည်။

ယင်းအုပ်စုမှ ခရိုအေးရှားအသင်းနှင့် အစ္စရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ခရိုအေးရှားအသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ ခရိုအေးရှား အသင်းသည် ယင်း(င)အုပ်စုတွင် လေးပွဲကစားသုံးပွဲနိုင်၊ တစ်ပွဲသရေဖြင့် အုပ်စုကိုဦးဆောင်လျက်ရှိသည်။

ယင်း(င)အုပ်စုမှ အင်္ဂလန်အသင်းသည် လေးပွဲကစား၊ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ခရိုအေးရှားအသင်း နောက်တွင် ရှိနေသည်။

### ပေါ်တူဂီ-ကာဇက်စတန်

အုပ်စု(က)မှ ပေါ်တူဂီအသင်းနှင့် ကာဇက်စတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပေါ်တူဂီအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပေါ်တူဂီအသင်းအတွက် အနိုင်ဂိုးများကို စီရိုနယ်ဒိုက တစ်ဂိုးနှင့် စီမာအိုက နှစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ပေါ်တူဂီအသင်းသည် လေးပွဲကစား နှစ်ပွဲနိုင်ပြီး တစ်ပွဲသရေ၊ တစ်ပွဲရှုံးထားသည်။ ပေါ်တူဂီအသင်းသည် ၂၀၀၆ ကမ္ဘာ့ဖလားတွင် ခြေစွမ်းပြနိုင်ခဲ့သော်လည်း ယူရိုခြေစစ်ပွဲ အောင်ရန် အကြိတ်အနယ်ပွဲများ ကစားရလိမ့်ဦးမည် ဖြစ်သည်။ အုပ်စု(က)တွင် ဖင်လန်က အာမေးနီးယားကိုနိုင်ပြီး အုပ်စုကို ဦးဆောင်နေသည်။ ပိုလန်က ဘယ်လ်ဂျီယံကိုနိုင်ပြီး ယင်းအုပ်စုဒုတိယနေရာမှလိုက်နေသည်။

**ရေးသားတင်ပြသူ-မြင့်မောင်စိုး**

အုပ်စု(ဃ)တွင် ဆိုက်ပရပ်စ် အသင်းနှင့်ဂျာမနီအသင်းတို့ယှဉ်ပြိုင် ကစားခဲ့ကြရာ တစ်ဖက်နှင့်တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့သည်။

ဂျာမနီအသင်းသည် လေးပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲသရေဖြင့် အုပ်စုတွင် ၁၀မှတ်ဖြင့် ဦးဆောင်နေသည်။

၎င်း၏နောက်တွင် ချက်အသင်းက အမှတ်တူ ဂိုးကွာခြားချက်ဖြင့် ဒုတိယ လိုက်နေသည်။

ယူရို ၂၀၀၈ ခြေစစ်ပွဲ ပွဲစဉ်(၄) အပြီးတွင် အုပ်စု(က)တွင် ဖင်လန်နှင့် ဆားဘီးယား၊ အုပ်စု(ခ)တွင် စကော့တလန်နှင့် ပြင်သစ်၊ အုပ်စု(ဂ)တွင် တူရကီနှင့်ဂရိ၊ အုပ်စု(ဃ)တွင် ဂျာမနီနှင့်ချက်၊ အုပ်စု(င)တွင် ခရိုအေးရှားနှင့်ရုရှား၊ အုပ်စု(စ)တွင် ဆွီဒင်နှင့် ဒိန်းမတ်၊ အုပ်စု(ဆ)တွင် နယ်သာလန်နှင့် ဘူဂေးရီးယားအသင်းတို့က အသီးသီးဦးဆောင်လျက်ရှိသည်။ **(အင်တာနက်)**

**ရုရှားကွင်းလယ်ကစားသမား အီဂေါတီတော့** (ဝဲ) **၏ ထိုးဖောက်ကစားမှုကို ဤသို့တွေ့ရသည်။** (ဓာတ်ပုံ-အင်တာနက်)



## အာရှဖလား ခြေစစ်ပွဲများယှဉ်ပြိုင် ဂျပန်က ဆော်ဒီအာရေဗျအသင်းကို အနိုင်ရ

**ဆပ်ပိုရို နိုဝင်ဘာ ၁၆**

လာမည့်နှစ် အာရှဖလားပြိုင်ပွဲအတွက် ခြေစစ်ပွဲများကို နိုဝင်ဘာ၁၅ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ အုပ်စု(က)မှ ဂျပန်အသင်းသည် ဆော်ဒီအာရေဗျအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရပြီး အုပ်စုထိပ်ဆုံးနေရာတွင် ရောက်ရှိလာသည်။



**ဂျပန်အသင်းမှ ယူချီဒါ(ဝဲ)၏ ထိုးဖောက်ကစားမှုကို ဤသို့ တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

ဂျပန်အသင်းသည် တိုက်စစ်မှူး ကာဇုတိဂါနာဟာ၏ နှစ်ဂိုးသွင်းယူပေးခဲ့မှုကြောင့် အိမ်ကွင်း၌ ဆော်ဒီအာရေဗျအသင်းကို အနိုင်ရလိုက်သည်။

### ဖွေဆော်ဦးဂိုးသွင်း

ဂျပန်နှင့်ဆော်ဒီအာရေဗျ နှစ်သင်းစလုံးသည် ၂၀၀၇ခုနှစ် အာရှဖလား ပြိုင်ပွဲအတွက် ခြေစစ်ပွဲအောင်ထားပြီ ဖြစ်သည်။ ဂျပန်နောက်တန်းလူ တူလီယိုက ဂျပန်အသင်းအတွက် ဖွေဆော်ဦးဂိုး သွင်းပေးနိုင်ခဲ့သည်။

### ချေပဂိုးသွင်း

ဆော်ဒီအာရေဗျအသင်းမှ အယ်ကွာတာနီက ပွဲချိန် ၃၃မိနစ်တွင် ပယ်နယ်တီဖြင့် ချေပဂိုး သွင်းယူခဲ့သည်။ ဂျပန်တိုက်စစ်မှူး ဂါနာဟာသည် ဒုတိယပိုင်းတွင် ဂျပန်အသင်းအတွက် နှစ်ဂိုးသွင်းယူပေးခဲ့သည်။

၂၀၀၇ခုနှစ် အာရှဖလား ဘောလုံးပြိုင်ပွဲများကို ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် မလေးရှားနိုင်ငံများက ပူးတွဲအိမ်ရှင်များအဖြစ် လက်ခံကစားကြမည်ဖြစ်သည်။

ဂျပန်အသင်းသည် အာရှဖလားကို နှစ်ကြိမ်ဆွတ်ခူးထားသည့်အသင်းဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်က လက်ဘနွန်၌ ကျင်းပစဉ်တစ်ကြိမ်၊ လွန်ခဲ့သော နှစ်နှစ်က ပေကျင်းမြို့၌ ကျင်းပစဉ် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်ဆွတ်ခူးထားသည်။

### အခြားပွဲရလဒ်များ

| | | |
|---|---|---|
| ယီမင် | ၁ - ၁ | အိန္ဒိယ |
| အီရန် | ၂ - ၀ | တောင်ကိုရီးယား |
| ဆီးရီးယား | ၃ - ၀ | တရုတ်(တိုင်ပေ) |
| ယူအေအီး | ၀ - ၀ | ပါကစ္စတန် |
| ဂျော်ဒန် | ၀ - ၀ | အိုမန် |
| ဘာရိန်း | ၀ - ၀ | ကူဝိတ် |
| တရုတ် | ၁ - ၁ | အီရတ် |
| ဥဇဘက်ကစ္စတန် | ၂ - ၀ | ကာတာ |
| ဟောင်ကောင် | ၂ - ၀ | ဘင်္ဂလားဒေ့ရှ်။ |

(အင်တာနက်)

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ အမှုသည်ဖြစ်သူ ဒေါ်မီမီခိုင်(ခ)မီမီအေး ၁၂/ပဘတ(နိုင်) ၀၀၈၅၆၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် အမည်ပေါက် ပိုင်ဆိုင်သော လှိုင်မြို့နယ် ပါရမီအိမ်ရာ၊ တိုက်(၁၂+၁)၊ အခန်းအမှတ် ၁၀၆နှင့်ပတ်သက်သော အဆောက်အအုံပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်(မူရင်း)မှာ အလုပ်ဆိုင်တွင် ထားရင်းပျောက်ဆုံးသွားပါသဖြင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်၏အမှုသည်သိရှိခြင်းမရှိဘဲ၊အခြားနည်းဖြင့် ရောင်းချ၊ပေါင်နှံ၊ပေးကမ်း၊စွန့်လွှတ်ခြင်းမပြုလုပ်ရန်နှင့်အကယ်၍ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်စေလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမူ(LL.B) အထက်တန်းရှေ့နေ စဉ်–၂၁၇၉၁**
**အမှတ် ၅၄၉၊ နွယ်နီ၁၀လမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့။**
**ဖုန်း–၀၉–၅၁–၅၇၂၃၅။**

## G.S.M တယ်လီဖုန်းပျောက်ဆုံးခြင်း

ကျွန်တော်ပိုင် G.S.Mတယ်လီဖုန်းအမှတ် ၀၉–၅၀၀ ၅၁၆၂သည် ယနေ့ (၁၆–၁၁–၂၀၀၆ရက်)နံနက်၁၀နာရီခန့်တွင် ဟံသာဝတီအဝိုင်းမှ မြို့တော်ခန်းမသို့ အလာ အနောက်ပိုင်းခရိုင်ယာဉ်လိုင်း မီနီဘတ်စ်ဖြင့်စီးလာစဉ် ပျောက်ဆုံးသွားပါသည်။ တွေ့ရှိသူများ အောက်ပါလိပ်စာသို့ ပြန်လည်ပေးအပ်ပါက ကျေးဇူးဆပ်ပါမည်။

**ဦးစိုးရှိန်(မောင်စိုးထိုက်–သုံးဆယ်)**
**တွဲဖက်အတွင်းရေးမှူး(၃)၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့**
**ဖုန်း–၂၅၂၄၁၇၊ ၅၉၀၁၂၃။**

**ကျေးဇူးဆပ်ပါမည်** ကျွန်တော် မောင်ထွန်းလင်း(ခ)ဝင်းအောင် နိုင်ငံကူးလက်မှတ်(၂၇၄၀၀၆) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ **ဖုန်း–၀၉–၅၁–၃၂၁၀၉။**

## ကရဝိက်ဥယျာဉ်ကမ္ဘာ

**မင်္ဂလာမောင်မယ်များအတွက်**
**Wedding Fashion Show**
**(သျှင်နေမင်းဦးစီးပါသည်)**

**၁၉–၁၁–၂၀၀၆**

နံနက် ၁၀း၀၀–၁၂း၀၀ Hip Hop အဖွဲ့များနှင့် Dancer အဖွဲ့များ၏ အကအလှများ၊
ညနေ ၆း၀၀–၁၀း၀၀ Make Up & Hair Designer သျှင်နေမင်း၊ ထွန်းထွန်းလင်း၊ ပွင့်၊ ကိုအုန်းသွင်တို့ရဲ့ မင်္ဂလာဝတ်စုံ အပြင်အဆင်ဒီဇိုင်းသစ်များကို ရုပ်ရှင်သရုပ်ဆောင်များ၊ နာမည်ကြီး အဆိုတော်များက သရုပ်ပြဝတ်ဆင်တင်ဆက်မှု။

**၂၀၀၆ခုနှစ် မင်္ဂလာဝတ်စုံပြပွဲကို ခမ်းခမ်းနားနား စီစဉ်တင်ဆက်မှာဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။**


# မုဒုံ အထက(၁) မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၆**

မုဒုံမြို့ အထက(၁)(ယခင်ရှင်အရဟံအထက်တန်းကျောင်း)၏ပဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ယခုနှစ် ဒီဇင်ဘာ၂၉ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် ရှင်အရဟံခန်းမ၌ ကျင်းပမည်ဖြစ်ပြီး အသက်၆၀ပြည့် အငြိမ်းစားဆရာကြီး ဆရာမကြီး ၁၁၇ဦးတို့အား ပူဇော်ကန်တော့ကြမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဦးသန်းတင်အောင်(ဗိသုကာ မုဒုံအသင်း) ဖုန်း–၀၁–၆၆၂၂၆၃၊ ဦးမန်းမြခိုင်(ကျောင်းအုပ်ကြီး) ဖုန်း–၀၅၇–၇၀၀၁၈(ရုံး)၊ ၀၅၇–၇၀၄၇၆ (အိမ်)၊ ဦးပြည်စိုး ဖုန်း–၀၅၇–၇၀၀၈၃၊ ဒေါက်တာတင်ရွှေ ဖုန်း–၀၅၇–၇၀၁၆၂နှင့် ဦးခင်စိုး ဖုန်း–၀၅၇–၇၀၃၄၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**



**နိုဝင်ဘာ ၁၀ရက်က ပန်းဘဲတန်းမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲအခမ်းအနားကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ဦးစီးအရာရှိ ဦးတင်ကိုနှင့်အထက(၃) ကျောင်းစာကြည့်တိုက်မှူး ဦးတင်မောင်လတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ်ပြန်/ဆက်)

# အဆင့်မြင့်တန်းပွဲ ကမ္ဘောဇနိုင်

**ရန်ကုန် နိုဝင်ဘာ ၁၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆–၂၀၀၇ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း (မြန်မာလိဂ်) အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ကမ္ဘောဇအသင်းက ပို့ဆောင်ရေးအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ကမ္ဘောဇအသင်းအတွက် ပထမဂိုးကို ကျော်သီဟကလည်းကောင်း၊ ဒုတိယဂိုးကို ရဲမောင်မောင်က လည်းကောင်း သွင်းယူပေးသည်။ ပို့ဆောင်ရေးအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲပြီးခါနီးတွင် ပြည့်ဖြိုးဦးက သွင်းယူပေးသည်။

**ယနေ့ပွဲ**

နိုဝင်ဘာ ၁၇ရက်**(ယနေ့)** ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆောက်လုပ်ရေးအသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# မြန်မာ့အလှပန်းချီပြိုင်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)နှင့်အိုအေစစ်ပန်းချီပြခန်းတို့ ပူးပေါင်းစီစဉ်မှုအရ မြန်မာ့အလှ(၃)ပန်းချီပြိုင်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပြီး ပြိုင်ပွဲအကြောင်းအရာမှာ မြန်မာ့အလှဖြစ်ကာ မြန်မာ့ရေမြေတောတောင်သဘာဝ၊ ရိုးရာယဉ်ကျေးမှုဓလေ့အလှကို ဖော်ညွှန်းသောပုံများဖြစ်သည်။ သုံးပေ၊နှစ်ပေအရွယ် ကင်းဗတ်စပေါ်တွင် ရေးဆွဲရမည်ဖြစ်ပြီး ဗွီနိုင်းပလတ်စတစ်စပေါ်တွင် ရေးဆွဲသောပုံများကို ခွင့်ပြုမည်မဟုတ်ဘဲ ဆီဆေး(သို့) အခရိုင်းလစ်(စ်) ကြိုက်နှစ်သက်ရာ ဆေးဖြင့်ရေးဆွဲပြီး သရုပ်မှန်ရေးဆွဲနည်းနှင့် ရိုးရာရေးဆွဲ နည်းနှစ်မျိုးသာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

အသက်(၁၈)နှစ်အထက်သာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ယခင် မြန်မာ့အလှပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရပြီးသူများ ယှဉ်ပြိုင်ခွင့်မပြုကြောင်း သိရသည်။ ပန်းချီကားရှေ့တွင် လက်မှတ်ရေးထိုးထားခြင်းကိုခွင့်မပြုဘဲ ပန်းချီကားခေါင်းစဉ်၊ ပန်းချီကားနှင့်ဆိုင်ရာ အချက်အလက်၊ ရေးဆွဲသူ၏ ကိုယ်ရေးရာဇဝင်၊ မှတ်ပုံတင်မိတ္တူ လိပ်စာတို့ကို သီးခြားစာရွက်တွင် ရေးသား၍ ပတ်စပို့အရွယ် ဓာတ်ပုံတစ်ပုံနှင့်အတူ ပေးပို့နိုင်ကြသည်။

ပထမ၊ဒုတိယ၊တတိယဆုနှင့် အထူးဆုငါးဆု ချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲပန်းချီကားများကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၃၁ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)သို့ ပေးပို့နိုင်ကြောင်းနှင့် အသေးစိတ်သိလိုပါက ဖုန်း–၃၈၅၂၅၉သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်မှ အားကစားအဖွဲ့များ အောင်နိုင်ရေးအတွက် အပြင်းအထန် လေ့ကျင့်လျက်ရှိ

**သတင်းဆောင်းပါးနှင့်ဓာတ်ပုံမှတ်တမ်း – သိန်းဝင်းလေး(မြန်မာ့အလင်း)**

ရန်ကုန် နိုဝင်ဘာ ၁၆

**ကာတာနိုင်ငံ ဒိုဟာမြို့တွင် ဒီဇင်ဘာ၁ရက်မှ၁၅ရက်အထိ ကျင်းပမည့် (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကျင်းပရန် နီးကပ်လာပြီဖြစ်ရာ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့ချုပ် ခုနစ်ဖွဲ့သည် အောင်နိုင်ရေးအတွက် အပြင်းအထန်လေ့ကျင့်လျက်ရှိသည်။**

**ရေးသားဖော်ပြ**

ယင်းပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန်အတွက် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးခု၊ ကြေးတံဆိပ်သုံးခု ရယူပေးခဲ့သည့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲ အဖွဲ့ချုပ်လေ့ကျင့်ရာ သုဝဏ္ဏရှိ မြန်မာနိုင်ငံပိုက်ကျော်ခြင်းလေ့ကျင့်ရေးရုံးသို့ စာရေးသူသွားရောက်၍ နည်းပြချုပ်အဖြစ် လိုက်ပါဆောင်ရွက်မည့် အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဗိုလ်ကြီးကျော်ဇင်မိုး (တပ်မတော်–လေ)နှင့် တွေ့ဆုံ၍ လေ့ကျင့်ပြင်ဆင်ထားရှိမှု၊ အပြီးသတ်လူရွေးချယ်ထားမှုအခြေအနေများကိုမေးမြန်း၍ ရေးသားဖော်ပြလိုက်ပါသည်။



**(၁၅)ကြိမ်မြောက် အာရှ အားကစားပြိုင်ပွဲ ပါဝင်ဆင်နွှဲမည့် ပိုက်ကျော်ခြင်းအဖွဲ့ချုပ်၏ လေ့ကျင့်ပြင်ဆင်မှုနှင့် လူရွေးချယ်မှု အခြေအနေများကို နည်းပြချုပ် ဗိုလ်ကြီးကျော်ဇင်မိုး (တပ်မတော်–လေ)က မြန်မာ့အလင်းသို့ ရှင်းပြစဉ်။**
ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)

နည်းပြချုပ် ဗိုလ်ကြီးကျော်ဇင်မိုးက မိမိတို့ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအပြီး နိုင်ငံတကာပြိုင်ပွဲအပြီး နိုင်ငံတကာပြိုင်ပွဲများနှင့် အာရှအားကစားပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်မှုကို ၂၀၀၆ခုနှစ် ဇန်နဝါရီ ၁၅ရက်မှ စတင်ပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် အုပ်ချုပ်သူတစ်ဦး၊ နည်းပြချုပ်တစ်ဦး၊ နည်းပြဆရာလေးဦးဖြင့် ကြပ်မတ်ဆောင်ရွက်ပြီး ပဏာမလက်ရွေးစင် အမျိုးသား ၁၅ဦး၊ အမျိုးသမီး ရှစ်ဦးဖြင့် စခန်းသွင်းလေ့ကျင့်မှုကို စတင်ခဲ့ကြောင်း၊ ထို့နောက် အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်ရန်အတွက် နိုင်ငံတကာပြိုင်ပွဲများဖြစ်သည့် မေလတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် လေးနိုင်ငံ ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဩဂုတ်လတွင် ကျင်းပသည့် မလေးရှား အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စက်တင်ဘာလတွင်ကျင်းပသည့် ထိုင်းဘုရင့်ဖလား ဖိတ်ခေါ်ပိုက် ကျော်ခြင်းပြိုင်ပွဲနှင့် ထိုင်းနိုင်ငံ မဲခေါင်ဒေသ ပိုက်ကျော်ခြင်းပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြောင်း၊ အဆိုပါ နိုင်ငံတကာပြိုင်ပွဲများ၏ အားသာချက်၊ အားနည်းချက်များကို ပြင်ဆင်ပေးခဲ့ကြောင်း၊ အထူးသဖြင့် စပေးဘောနှင့် တစ်ဖက်အသင်း၏ ရိုက်ခုတ်မှုကို ယခင်က တစ်ယောက်တည်းပိတ်ဆို့ရာမှ နှစ်ယောက်ပိတ်ဆို့ခြင်းနှင့် မိမိတို့အသင်း၏ ရိုက်ခုတ်မှု အားကောင်းရန် လေ့ကျင့်ခြင်းအပြင် ပြိုင်ဘက်အသင်း၏ ဟာကွက်များအပေါ် တို့ချခြင်းများကို လေ့ကျင့်လျက်ရှိကြောင်း၊ မိမိတို့အမျိုးသားအသင်း၏ အဓိက ပြိုင်ဘက်မှာ ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားတို့ ဖြစ်ကြောင်း၊ အမျိုးသမီးအသင်းအနေဖြင့် ထိုင်း၊ ဗီယက်နမ်၊ ကိုရီးယားနှင့် တရုတ်နိုင်ငံတို့ဖြစ်ကြောင်း၊ မိမိတို့ ယခုအခါတွင် ပြိုင်ပွဲနီးကာလဖြစ်သည့်အလျောက် အဓိကပြိုင်ဘက် နိုင်ငံများအပေါ် အောင်ပွဲခံနိုင်ရန် အခွင့်အလမ်းများစွာရှိကြောင်း" မြန်မာ့အလင်းသို့ ပြည့်ပြည့်စုံစုံ ရှင်းပြသွားသည်။

**ပါဝင်ယှဉ်ပြိုင်မည်**

အဆိုပါပြိုင်ပွဲတွင် မြန်မာအမျိုးသား အသင်းအနေဖြင့် သုံးယောက်တွဲပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

**ဆောင်ရွက်ကြမည်**

မြန်မာပိုက်ကျော်ခြင်းအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးဉာဏ်ထွန်း(ညွှန်ကြားရေးမှူး၊အား/ကာ၊ပြန်ကြားရေး)ကလည်းကောင်း၊ နည်းပြချုပ်အဖြစ် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဗိုလ်ကြီးကျော်ဇင်မိုး(တပ်မတော်–လေ)နှင့်နည်းပြဆရာများအဖြစ် ဦးသိန်းငွေ(လယ်ယာ/ဆည်မြောင်း)၊ ဦးသန်းဇော်ဦး(ကာကွယ်ရေး)၊ ဦးသန်းလွင်(အား/ကာ)နှင့် ဒေါ်စန်းစန်းငွေတို့ကလည်းကောင်း၊ ဒိုင်လူကြီးများအဖြစ် အပြည်ပြည်ဆိုင်ရာဒိုင်လူကြီး ဦးကျော်ဇော(အား/ကာ၊ ငြိမ်း)နှင့် ဦးငွေသိန်း(ဆိပ်ကမ်း)တို့က ဆောင်ရွက်ကြမည်ဖြစ်သည်။

**သူတို့ပါဝင်ကြ**

အမျိုးသားပြိုင်ပွဲတွင် ဘယ်အတွင်းလူများအဖြစ် လယ်ယာ/ဆည်မြောင်းမှ ဥက္ကာစိုး၊ ပြည်ထဲရေးမှ စည်သူလင်းနှင့် ရန်ကုန်မြို့တော်စည်ပင်မှ သိန်းဇော်မင်း၊ ညာအတွင်းလူများအဖြစ် ကာကွယ်ရေးမှ ထွန်းထွန်းနိုင်၊ ပြည်ထဲရေးမှ အောင်ချိုမြင့်၊ ရထားမှဇော်လတ်နှင့် ကျော်သီဟဦး၊ နောက်ခံလူများအဖြစ် လယ်ယာ/ဆည်မြောင်းမှ ရာဇာထွန်းနှင့် ဇော်ဇော်အောင်(၁)၊ အား/ကာမှ အောင်မျိုးဆွေ၊ ပြည်ထဲရေးမှ ဇော်ဇော်အောင်(၂)တို့ ပါဝင်ကြသည်။

**လေ့ကျင့်ပေးလျက်ရှိ**

အမျိုးသမီးပြိုင်ပွဲတွင် ဘယ်အတွင်းလူအဖြစ် ပို့ဆောင်ရေးမှ နိုင်နိုင်ဝင်း၊ ညာအတွင်းလူများအဖြစ် ရန်ကုန်မြို့တော်စည်ပင်မှ မေဇင်ဖြိုး၊ ပြည်ထဲရေးမှ ခင်အေးမော်နှင့် နောက်ခံလူ ပို့ဆောင်ရေးမှ ကြူကြူသင်းတို့အား အပြီးသတ် ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသည်။

မြန်မာပိုက်ကျော်ခြင်းအဖွဲ့သည် (၁၄)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် အမျိုးသားသုံးယောက်တွဲ ဒုတိယနှင့် အသင်းလိုက် တတိယဆု ရရှိခဲ့ပြီး၊ အမျိုးသမီးစက်ဝိုင်းခတ်ပြိုင်ပွဲတွင် တတိယရရှိထားရာ နိုင်ငံအတွက် အားထားရမည့် အဖွဲ့တစ်ခုဖြစ်ကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

**(မြန်မာ့အလင်း)**

**မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း မောင်မယ်များ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် လေ့ကျင့်လျက်ရှိရာ ဥက္ကာစိုး၏ ရိုက်ခုတ်ချက်ကို** (ဝဲမှယာ) **ကျော်သီဟဦးနှင့် ဇော်လတ်တို့ ပိတ်ဆို့ကာကွယ်ကြစဉ်။**
ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)





## မူကြိုကလေးများ ကာယ၊ ဉာဏစွမ်းရည်စစ်ဆေး အာဟာရဖြည့်အစားအစာများ ပေးအပ်လှူဒါန်း

**တောင်ကြီး နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ ရှမ်းပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ တောင်ကြီးမြို့ပေါ်ရှိ မူကြိုကျောင်းများသို့ ကလေးများ၏ ကာယ၊ ဉာဏစွမ်းရည်ကြည့်ရှုစစ်ဆေးခြင်းနှင့် အာဟာရဖြည့်အစားအစာများ လှူဒါန်းခြင်း အခမ်းအနားများကို အောက်တိုဘာ ၂၅ရက် မွန်းတည့် ၁၂နာရီက တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း မူကြိုနှင့် အမှတ်(၄)အခြေခံပညာမူလတန်းကျောင်း မူကြိုကျောင်းများတွင် ကျင်းပကြသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်နှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဖွဲ့ဝင်များ၊ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်နှင့်အဖွဲ့ဝင်များက အဆိုပါမူကြိုကျောင်းများမှ မူကြို ကလေးများ၏ ကာယစွမ်းရည်၊ ဉာဏစွမ်းရည်များကို ကြည့်ရှုစစ်ဆေးအားပေးကြပြီး **(အပေါ်ပုံ)** ကလေးများအတွက် အာဟာရဖြည့် အစားအစာများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ပြည်နယ်အမျိုးသမီးရေးရာ)**



**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့က တည်ဆောက်လျက်ရှိသော ကျောက်ဖြူကုန်း–ဂဠုန်ကျေးရွာအုပ်စုချင်းဆက်သွယ်သည့် ကျေးလက်ကျောက်ချောလမ်းခင်းနေမှုကို အောက်တိုဘာ ၂၃ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးခင်မောင်ချို့နှင့် အင်ဂျင်နီယာမှူး ဦးမြင့်အောင်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။** (၄၁၄)

## စာကြည့်တိုက်များ တည်တံ့ရေး ပုသိမ်၌ဆွေးနွေး

**ပုသိမ် နိုဝင်ဘာ ၅**

ဧရာဝတီတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ရှင်သန်တက်ကြွသောကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖြစ်ရန် ပုသိမ်ခရိုင်အတွင်း အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေး၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိဦးဝင်းရွှေ၊ ဓာတ်ပုံကျွမ်းကျင်(၂)ဦးမြင့်ဟန်တို့ လိုက်ပါလျက် အောက်တိုဘာ ၂၃ရက်က ပုသိမ်မြို့နယ်အတွင်းရှိ ကမ်းနီကျေးရွာ၊ ကြောင်ပန်းကုန်းကျေးရွာ၊ သူတော်ကုန်းကျေးရွာနှင့် ရွှေမြင်တင်ကျေးရွာများသို့ သွားရောက်ပြီး ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံ၍ စာကြည့်တိုက်များ ဖြစ်ပေါ်ရေးနှင့် ရေရှည်တည်တံ့ရေးတို့ကို ဆွေးနွေးကြသည်။

ထို့နောက် အဆိုပါအဖွဲ့သည် ကျေးရွာများရှိ စာကြည့်တိုက်များအတွက် တိုင်း၊ ခရိုင်နှင့်မြို့နယ်များက လှူဒါန်းသော ၂၁လက်မရောင်စုံရုပ်မြင်သံကြားပြစက် ရေဒီယိုကက်ဆက်နှင့် စာအုပ်စာစောင်များရရှိမှုနှင့် စာအုပ်စာစောင်များ တိုးပွားရေးတို့အတွက် ဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**



**ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးလွင် အောက်တိုဘာ ၁၄ ရက်က ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးရှေ့တွင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအေးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ခိုင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



## ကလေးမြို့ နွယ်နီလမ်း ကတ္တရာလမ်းခင်း

**ကလေး နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းကလေးမြို့နယ်စည်ပင်သာယာ ရေးအဖွဲ့၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် မြို့တွင်းလမ်းကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့် ကလေးမြို့ အောင်သစ္စာရပ်ကွက် နွယ်နီလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းအား တာဝန်ခံအင်ဂျင်နီယာ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးကျော်ထွန်းသန်းကြီးကြပ်ဆောင်ရွက်သော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်မှုကို အောက်တိုဘာ ၂၀ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့်တာဝန်ခံ အင်ဂျင်နီယာ ဦးတင်မောင်ဝင်းတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ **(၄၁၇)**

**ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက် လမ်းနှင့်တံတားများ ပြုပြင်ဆောင်ရွက်မှုကို နိုဝင်ဘာ ၃ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်းကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

## တနင်္သာရီတိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဆေးလိပ်ကင်းစင်ဆိုင်းဘုတ်ဖွင့်၊ ကျန်းမာရေးပညာပေးဟောပြော

မြိတ် အောက်တိုဘာ ၃၀

**တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ အမှိုက်ကင်းစင်၊ ခြင်ကင်းစင်၊ ဆေးလိပ်ကင်းစင်ဆိုင်းဘုတ်ဖွင့်ပွဲနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက် နံနက် ၈နာရီက မြိတ်မြို့ အထက(၁) ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။**

### ကြည့်ရှုအားပေး

အခမ်းအနားတွင် တနင်္သာရီတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌွေးက အမှိုက်ကင်းစင်၊ ခြင်ကင်းစင်၊ ဆေးလိပ်ကင်းစင်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းပညာရေးမှူးက အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပေးပြီး ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ဆောင်မှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက်ဟောပြောပွဲကို ဆက်လက်ကျင်းပရာ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်ယဉ်ယဉ်စိန်က တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအကြောင်းကိုလည်းကောင်း၊ မြိတ်ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာစန်းစန်းက ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်းကိုလည်းကောင်း၊ အဆုတ်ရောဂါ အထူးကု ဆရာဝန်ကြီး ဒေါက်တာ လွင်လွင်မွန်က ဆေးလိပ်သောက်သုံးခြင်း အန္တရာယ်အကြောင်းကိုလည်းကောင်းဟောပြောကြသည်။



### လက်ခံရယူ

ဆက်လက်၍ ကောင်းကောင်းမွေးမြူရေးကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာဦးအောင်လင်းက အခြေခံပညာအထက်တန်းကျောင်းငါးကျောင်းအတွက် တန်ဖိုးငွေကျပ် ခုနစ်သိန်းငါးသောင်းရှိ စာရေးကိရိယာဘူး ၅၀၀ နှင့် ကျပ်ငွေငါးသိန်း စုစုပေါင်း ၁၂သိန်း ငါးသောင်းကို လှူဒါန်းရာ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူသည်။ ယင်းနောက် တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက တန်းဖိုးငွေကျပ် တစ်သိန်းငါးသောင်းရှိ ကျောင်းသုံးစာရေးကိရိယာဘူး ၁၀၀ နှင့် ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ အထက(၁) ကျောင်းအုပ်ကြီး ဦးတင်မောင်ဆွေက လက်ခံယူသည်။**(အပေါ်ပုံ)**

**(ခရိုင် ပြန်/ဆက်)**

**စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာ လှပရေးအတွက်အဖွဲ့ဝန်ထမ်းများဖြင့်လမ်းလယ်ကျွန်းများတွင် ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့်သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကို နိုဝင်ဘာ ၂ ရက်က အမှုဆောင်အရာရှိ ဦးကိုကိုနှင့်အင်ဂျင်နီယာမှူး ဦးကျော်မြင့်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။**



(မြို့နယ်စည်ပင်)

## မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်၁၄ ရက်

**၁၈–၁၁–၂၀၀၆ (စနေနေ့)**

**နံနက်ပိုင်း**

၇း၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့်ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၉း၃၀ တူယှဉ်သီကြွေး စုံတွဲတေး
(၁) မိုးကောင်းကင်ခရီး (ဇော်ဝင်းထွဋ်–အယ်လ်ခွန်းရီ)
(၂) ငယ်ကျွန်းဆွေ (မင်းအောင်–အိဖြူ)
(၃) အလိုအပ်ဆုံးအရာ (စည်သူလွင်–ချောစုခင်)

၉း၄၅ အာဆီယံအစီအစဉ်
၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်ဆုရရှိသူများနှင့် ဆွေးနွေးခန်း)
၁၁း၃၅ ရေဒီယိုမဂ္ဂဇင်း
(၁) အေးငြိမ်းရာအမှန် (ခေါင်းကြီး)
(၂) အပူထဲက အအေး (ဆောင်းပါးသရုပ်ဖော်)
၁၂း၀၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်း
၁၂း၁၀ နေ့စဉ်သုံးအီဒီယမ် (ဦးသိန်းလွင်)
၁၃း၁၀ ပညာရေးအစီအစဉ် (အထက်တန်း–ကာယပညာ) (မှတ်ဉာဏ်ရည်တိုးတက်စေသော ကာယလှုပ်ရှားမှု)

**ညနေပိုင်း**

၁၆း၁၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မင်္ဂလာသတင်း(ညွှန့်ညွှန့်စိန်)
(၂) အလှူမှာတွေ့ရင်မခေါ်နဲ့ကွယ် (ဟသ်ာတထွန်းရင်)
(၃) မျှော်တလင့်လင့် (ဌေးဌေးမြင့်)
၁၇း၀၀ ခေတ်ဟောင်းတေး
(၁) အချစ်ဆုံး (ခင်မောင်ရင်–ခင်ခင်ရီ)
(၂) မာနရှင် (ပြည်လှဖေ)
(၃) ချစ်ညွတ်ကွင်း (မေရှင်)
၁၇း၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၇း၄၅ ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင် (အလှအပနှင့် ကိုယ်လက်လှုပ်ရှားမှု) (မေလေး)
၁၈း၄၅ လှပသာယာအိမ်ဂေဟာ (မင်္ဂလာခန်းဝင်ပစ္စည်းများနှင့် တင့်တယ်စွာ)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (ဂျူပီတာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် မြတ်နိုးခြင်းမိုးတိမ်တေးစီးရီး)
၂၀း၃၀ တေးသံစုံ (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့)
၂၀း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) လွမ်းငွေ့ဝေဝေ (ဝင်းဦး)
(၂) ညရယ်အတွေးရယ် သံသရာရယ် (ခင်ဝင်းမော်)
(၃) လကွယ်ညလေး ဘဝတိုင်းဝေးပါစေ (ကိုရဲဝင်း)



မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား လေးမြို့နယ် အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲကို နိုဝင်ဘာ ၁ ရက်က မအူပင်ခရိုင် ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ ပထမတံခွန်စိုက်ဆုရ မအူပင်မြို့နယ်အမျိုးသားဘောလုံးအသင်းအား ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်က ဆုပေးအပ်ချီးမြှင့်စဉ်။ (၄၂၁)

## မသိုးသက်န်း ရက်လုပ်လှူဒါန်းပွဲ ခရမ်း၌ ကျင်းပ

ခရမ်း နိုဝင်ဘာ ၁၅

**ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အမှတ်(၁၂)ရပ်ကွက် ဓမ္မသီရိအောင်မေတ္တာ ပရိယတ္တိ စာသင်ကျောင်းတိုက်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၄၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပွဲနှင့် ဆီမီး ၅၀၀၀၊ ပန်းပေါင်း ၈၄၀၀၀ လှူဒါန်းပူဇော်ပွဲကို နိုဝင်ဘာ ၄ရက်က ၎င်းကျောင်းတိုက်ကြီးအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။**

ယင်းညတွင် မသိုးသင်္ကန်းယှဉ်ပြိုင် ရက်လုပ်ပြိုင်ပွဲကိုကျင်းပရာ အခမ်းအနားတွင် ရပ်ကွက်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှကြိုင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြနန်းနွယ်၊ ဥမ္မာဒန္တီ၊ ယုဝတီ၊ ဝိသာခါ စင်တော် လေးစင်ဖြင့် ယှဉ်ပြိုင်ရက်လုပ်ကြပြီး ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရက်လုပ် ရရှိသော သင်္ကန်းများအား ကြာသင်္ကန်းများ ချုပ်လုပ်၍ နံနက် ၂ နာရီတွင် ခရမ်းမြို့အတွင်းရှိ သကျမာရ်ဇိန်သွန်းဘုရားကြီးနှင့် မြို့တွင်းမှ စေတီပုထိုးများ၊ ကျောင်းတိုက်အတွင်းရှိ တည်ထားကိုးကွယ်ထားသည့် ကျိုးမနိုးစေတီ၊ နဂါးရုံဘုရားတို့အား ကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းပြီး စိန်ဗိုလ်ထွန်း၊ အောင်ဗိုလ်မင်း မင်္ဂလာဆိုင်းဝိုင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



ကျောက်ဆည်မြို့သန့်ရှင်းသာယာလှပရေးအတွက် ရန်ကုန်-မန္တလေး လမ်းမကြီးတစ်လျှောက်နှင့် တံတားဦးလမ်း၊ ဓမ္မာရုံလမ်းများပေါ်ရှိ သဲနုန်းများ ရှင်းလင်းခြင်းကို နိုဝင်ဘာ ၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဦးစီး အရာရှိဦးအောင်သိန်း၊ ဒုတိယဦးစီးမှူး ဦးဇော်မိုးတို့ဦးဆောင်သောအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိဦးခင်ဇော် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)



## ဖျာပုံ၌ ရေချိုအင်းလုပ်ငန်းဆိုင်ရာ သင်တန်းဖွင့်

ဖျာပုံ နိုဝင်ဘာ ၇

ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ရေချိုအင်းလုပ်ငန်းဆိုင်ရာ သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၀ ရက်က ဖျာပုံခရိုင် ငါးလုပ်ငန်းသင်တန်းခန်းမတွင်ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်၊ ငါးလုပ်ငန်း ဦးစီးဌာန ရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးနှင့် ညွှန်ကြားရေးမှူးများ၊ ဧရာဝတီတိုင်းငါးလုပ်ငန်း ဦးစီးဌာနမှူးနှင့် ခရိုင်၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနမှူးများ၊ သင်တန်းသား သင်တန်းသူများ၊ အင်းလုပ်ငန်းလုပ်ကိုင်ကြသူများ၊ ကုမ္ပဏီဝန်ထမ်းများ တက်ရောက်ကြသည်။

**ပို့ချ**

သင်တန်းဖွင့်ပွဲတွင် ငါးလုပ်ငန်း ဦးစီးဌာနရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးများက ရေချိုငါးဥပဒေ၊ဘတ်ဂျက်နှင့်ငွေစာရင်း၊ ရေးချိုငါးဖမ်းကိရိယာ၊ အင်းအတွင်း ငါးမွေးမြူခြင်း၊ ပြည်ပပို့ကုန် အရည်အသွေး စစ်ဆေးရေးစသည့် ဘာသာရပ်များ ပို့ချကြသည်။

**တစ်ပတ်ကြာ**

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ တစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(၃၇၉)**

## ကုန်မျိုးစုံအရောင်းဆိုင် အထက်မင်းလှ၌ဖွင့်

**အထက်မင်းလှ အောက်တိုဘာ ၃၀**

မကွေးတိုင်း အထက်မင်းလှမြို့နယ် ဇောတိက အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု လီမိတက် ကုန်မျိုးစုံအရောင်းဆိုင် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၉ ရက်နံနက် ၈နာရီက ဇောတိက သမဝါယမအသင်းစုရုံးရှေ့၌ ကျင်းပရာ မကွေးတိုင်းသမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်ဝင်း တက်ရောက်အမှာစကားပြောကြားသည်။

**ဖွင့်လှစ်ပေး**

ယင်းနောက် မကွေးတိုင်း သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးမောင်ဝင်း၊အထက်မင်းလှမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဟန်နှင့် ဇောတိက အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းစုလီမိတက် ဥက္ကဋ္ဌဦးသက်ဝင်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**လေ့လာ**

ဖွင့်ပွဲအခမ်းအနား အပြီးတွင် အခမ်းအနားသို့ တက်ရောက်လာကြသူများက ဇောတိကအထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက် ကုန်မျိုးစုံအရောင်းဆိုင်တွင် တင်သွင်းရောင်းချမည့် စားကုန် သောက်ကုန်လူသုံးကုန်များကို ကြည့်ရှုလေ့လာကြသည်။ **(၀၇၆)**



မင်္ဂလာတောင်ညွန့်မြို့နယ် (၈၆)နှစ်မြောက်အမျိုးသားနေ့အခမ်းအနားကို အထက(၃)မင်္ဂလာတောင်ညွန့်တွင် နိုဝင်ဘာ ၁၄ရက်က ကျင်းပရာ မူလတန်းဆင့် စာစီစာကုံးပြိုင်ပွဲပထမဆုရ အမက(၁၄)မှ စတုတ္ထတန်းကျောင်းသား မောင်ချမ်းငြိမ်းဟန်အား မြို့နယ်ပညာရေးမှူး ဦးဝင်းရှိန်က ဆုချီးမြှင့်စဉ်။ (မြို့နယ်ပညာရေး)



## ကွင်းဆင်းတိုင်းတာ

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်မည့် ဒိုးတန်-ဆင်ဇလုပ်-ငပန်းအင်း မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် ကျေးရွာပြည်သူများနှင့် ပူးပေါင်း၍ ကွင်းဆင်းတိုင်းတာ ဆောင်ရွက်ခြင်းကို အောက်တိုဘာ ၂၀ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းလင်းထွန်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

## ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
## ရန်ကုန်အဝေးသင်တက္ကသိုလ်
## e- Education Learning Centre
## သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

**(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ**
**(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ**

**၂၀-၁၁-၂၀၀၆ (တနင်္လာနေ့)**
- ❑ Priority of Maritime Lien
  - နောက်ဆုံးနှစ်၊ မဟာဥပဒေ (ပင်လယ်ရေကြောင်းအုပ်စု) တက်ရောက်နေသော ကျောင်းသား၊ကျောင်းသူများ
- ❑ Mammalian Heart
  - အဝေးသင်/နေ့ပထမနှစ် သတ္တဗေဒ၊ ရုက္ခဗေဒ ကျောင်းသား၊ ကျောင်းသူများ

**၂၁-၁၁-၂၀၀၆ (အင်္ဂါနေ့)**
  - မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ သားသမီးများ၏ အမွေဆက်ခံရေး ဒု-နှစ် ဥပဒေ၊ မဟာဥပဒေ(ပြည်တွင်း)တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများ
- ❑ Mammalian Organs
  - အဝေးသင်/နေ့ ပထမနှစ်သတ္တဗေဒ၊ ရုက္ခဗေဒ ကျောင်းသား၊ ကျောင်းသူများ

**၂၂-၁၁-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**
- ❑ Transfer of Ownership
  - ဥပဒေ(နောက်ဆုံးနှစ်)
- ❑ Evolution (ဆင့်ကဲဖြစ်စဉ်)
  မဟာသိပ္ပံအရည်အချင်းစစ် ကျောင်းသား၊ ကျောင်းသူများ

**၂၃-၁၁-၂၀၀၆ (ကြာသပတေးနေ့)**
- ❑ Curriculum Development
  - B.Ed ပ-နှစ်စာပေးစာယူသင်တန်းသားများ
  မြန်မာစာဘာသာအတွက် သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု ပစ္စည်းများ အသုံးပြုသင်ကြားခြင်း
- ❑ - B.Ed မြန်မာစာအထူးပြု စာပေးစာယူသင်တန်းသားများ
  Cognitive Development by Jean Piaget
  - B.Ed သင်တန်းသားများ

**၂၄-၁၁-၂၀၀၆ (သောကြာနေ့)**
- ❑ - နဝရတ်ကိုးသွယ်၊ ရောင်စုံခြယ်
  - ပထမနှစ်(ဘူမိဗေဒ) ကျောက်မျက်ဝါသနာရှင်များ၊ အများပြည်သူများ
  - မြန်မာ့စကားပြေအကြောင်းသိကောင်းစရာများ
  - ပ၊ဒု၊ တနှစ်(နေ့+အဝေးသင်)မြန်မာစာကျောင်းသား၊ ကျောင်းသူများ

**၂၅-၁၁-၂၀၀၆ (စနေနေ့)**
- ❑ Acid Base Equilibrium
  - တတိယနှစ် ဓာတုဗေဒအထူးပြု
- ❑ Physical Chemistry of Macromolecules
  - တတိယနှစ်ဓာတုဗေဒ အထူးပြု
- ❑ Complexes of π acceptor Legands
  - တတိယနှစ် ဓာတုဗေဒအထူးပြု
- ❑ Mechanisms
  - တတိယနှစ်ဓာတုဗေဒအထူးပြု
- ❑ Separation by Extraction and Chromatographic Methods
  - တတိယနှစ် ဓာတုဗေဒအထူးပြု
- ❑ Environmental Chemistry
  - တတိယနှစ် ဓာတုဗေဒအထူးပြု
- ❑ Absorption and Transport of Water and Minerals
  - ပထမနှစ်ရုက္ခဗေဒ၊ သတ္တဗေဒ၊ ဓာတုဗေဒအထူးပြု
- ❑ Thallus Organization of Algae
  - ပထမနှစ်ရုက္ခဗေဒ၊ သတ္တဗေဒ၊ ဓာတုဗေဒအထူးပြု
- ❑ The Origin of Life
  - ပထမနှစ် ရုက္ခဗေဒ၊ သတ္တဗေဒ၊ ဓာတုဗေဒအထူးပြု
- ❑ Cell division
  - ပထမနှစ်ရုက္ခဗေဒ၊ သတ္တဗေဒ၊ ဓာတုဗေဒအထူးပြု
- ❑ Botany as a Science
  - ပထမနှစ်ရုက္ခဗေဒ၊ သတ္တဗေဒအထူးပြု
- ❑ Plant Heredity
  - ပထမနှစ်ရုက္ခဗေဒ၊ သတ္တဗေဒအထူးပြု
- ❑ Diversity of Plants
  - ပထမနှစ်ရုက္ခဗေဒ၊ သတ္တဗေဒအထူးပြု

**၂၆-၁၁-၂၀၀၆ (တနင်္ဂနွေနေ့)**
- ❑ The Rise and Development of the Novel
  - တတိယနှစ် အင်္ဂလိပ်စာအထူးပြု
- ❑ English Literature Poetry
  - တတိယနှစ်အင်္ဂလိပ်စာအထူးပြု
- ❑ Morphology
  - တတိယနှစ် အင်္ဂလိပ်စာအထူးပြု
- ❑ On His Blindness John Milton
  - တတိယနှစ်အင်္ဂလိပ်စာအထူးပြု
- ❑ Taxonomic Grammar and Its Contributions to English Language Teaching
  - တတိယနှစ်အင်္ဂလိပ်စာအထူးပြု
- ❑ OBELIA Comparison of Polyp & Medusa
  - ဒုတိယနှစ် သတ္တဗေဒအထူးပြု
- ❑ Reproduction and Life Cycle
  - ဒုတိယနှစ်သတ္တဗေဒအထူးပြု
- ❑ Ecology
  - ဒုတိယနှစ်သတ္တဗေဒအထူးပြု
- ❑ Rana tigrina
  - ဒုတိယနှစ်သတ္တဗေဒအထူးပြု
- ❑ Dugesia (Euplanaria)
  - ဒုတိယနှစ်သတ္တဗေဒအထူးပြု
- ❑ Early Greek
  - ဒုတိယနှစ်သတ္တဗေဒအထူးပြု
- ❑ General Account of Hydra
  - ဒုတိယနှစ်သတ္တဗေဒအထူးပြု

# အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များ၏ အစည်းအဝေးများကျင်းပ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အကြံပြုချက်စာတမ်းများ ဖတ်ကြားတင်ပြ




**ရန်ကုန် နိုဝင်ဘာ ၁၆**

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့နှင့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ကျင်းပရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့**

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းနှင့် ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်မှ ဦးမန်းတင်မောင်(ခေါ်) ဦးမန်းမျိုးညွန့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၄) မှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်စိန်ကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိရှိန်ကလည်းကောင်း ဆောင်ရွက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✳






ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျ သဘာပတိ မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

# တိုးတက်မှုမြန်ဆန်လှသည့် အိုင်တီနည်းပညာရပ်များ မြန်မာလူငယ်တို့ နောက်ကျမကျန်ဘဲ တီထွင်ဆန်းသစ်နိုင် မိုဘိုင်းလ်ဖုန်းများတွင် မြန်မာစာဖြင့် စာတိုပို့နိုင်မည်



မည်သည့်မိုဘိုင်းလ်ဖုန်းမဆို မြန်မာစာ အသုံးပြုစနစ် ထည့်သွင်းအသုံးပြု၍ရကြောင်း နမူနာပြသထားသည့် အမျိုးအစားမတူသော မိုဘိုင်းလ်ဖုန်းများကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**တွေ့ဆုံမေးမြန်းရေးသားသူ - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် နိုဝင်ဘာ ၁၆**

မြန်မာလူငယ်တို့၏ အိုင်တီနည်းပညာနှင့် ဆက်နွှယ်၍ တီထွင်ဆန်းသစ်မှုများကား အံ့မခန်းဖြစ်သည်။ တိုးတက်မှု မြန်လွန်းလှသည့် အိုင်တီနည်းပညာရပ်များတွင် မြန်မာတို့နောက်ကျမကျန်ရစ်ခဲ့ကြောင်း မိုဘိုင်းလ်ဖုန်းများ၌ မြန်မာစာအသုံးပြုနိုင်အောင် တီထွင်နိုင်ခဲ့မှုက သက်သေပြခဲ့လေပြီ။

**တွေ့ဆုံမေးမြန်း**

နိုဝင်ဘာ ၁၅ ရက်က မိုဘိုင်းလ်ဆက်သွယ်ရေးစနစ်သုံး မြန်မာစာစနစ်သရုပ်ပြ ရှင်းလင်းပွဲ အခမ်းအနားပြုလုပ်ရာ ရန်ကုန်မြို့ ဆူးလေဘုရားလမ်း ကုန်သည်ကြီးများဟိုတယ် ကုန်းဘောင်-တကောင်းခန်းမသို့ မြန်မာ့အလင်းသတင်းအဖွဲ့ရောက်ရှိကာ မိုဘိုင်းလ်ဆက်သွယ်ရေးစနစ်သုံး မြန်မာစာစနစ်တီထွင်သူ မောင်ထူးမြင့်နောင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

*စာမျက်နှာ ၇ ကော်လံ ၁* ●

# NLD ပါတီအပေါ် ယုံကြည်အားထားမှုမရှိတော့ နိုင်ငံ့အကျိုး၊ ရပ်ရွာအကျိုးကို သယ်ပိုးဆောင်ရွက်လို ကောလင်းမြို့နယ် NLD ပါတီဝင်သုံးဦး နုတ်ထွက်

**ရန်ကုန် နိုဝင်ဘာ ၁၆**

စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးသိန်းဟန်၊ ဦးတိုးမောင်နှင့် ဒေါ်ဆွေဆွေသန်းတို့ သုံးဦးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီမှ နုတ်ထွက်ကြောင်း ဩဂုတ် ၄ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် နိုင်ငံတော်အစိုးရနှင့်လက်တွဲ၍ နိုင်ငံ့အကျိုး၊ ရပ်ရွာအကျိုးကိုသာ ဆက်လက်သယ်ပိုးလုပ်ကိုင်ဆောင်ရွက်လိုပြီး NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိ၊ ပါတီအပေါ်တွင်လည်း ယုံကြည်အားထားမှုမရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် NLD ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

**(သတင်းစဉ်)**